**ပဏ္ဍိတာနဉ္စ သေဝနာ ဧတံ မင်္ဂလ မုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။**


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၃)




နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၇ ရက်က မြင်းခြံမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းအထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ(မြင်းခြံ)အတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

## ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေထုတ်ပြန်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

## ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၄)**

၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ရက်

(၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ကိုယ်အင်္ဂါအစိတ်အပိုင်း**ဆိုသည်မှာ လူ၏ခန္ဓာကိုယ်ကိုဖွဲ့စည်းထားသော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် လူ၏ခန္ဓာကိုယ်တစ်ခုလုံးလည်းပါဝင်သည်။

(ခ) **သေဆုံးခြင်း**ဆိုသည်မှာ လူတစ်ဦး၏ဦးနှောက်လုပ်ငန်းများအားလုံး ရပ်စဲသွားသည့် အခြေအနေကို ဆိုသည်။

(ဂ) **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို ထုတ်ယူသော်လည်း အသက်အန္တရာယ်မရှိနိုင်လျှင် ယင်းကိုယ်အင်္ဂါအစိတ်အပိုင်းကိုထုတ်ခွင့်ပြုသူ သို့မဟုတ် သေဆုံးသည့်အခါ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ပြုကြောင်း ကြိုတင်ဆန္ဒပြုထားသူကိုဆိုသည်။

(ဃ) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူ**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူအဖြစ် ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သူကိုဆိုသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ▶

## နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီဖွံ့ဖြိုးရေးအစီအမံများတစ်နိုင်ငံလုံးဖြန့်ကြက်ဆောင်ရွက်ပေးနေ

# ချည်မျှင်နှင့်အထည်စက်ရုံများ ဒေသခံပြည်သူများ၏လူနေမှုအဆင့်အတန်းမြင့်မားမှုကိုဖန်တီးပေးနိုင်

# နိုင်ငံတော်ဝန်ကြီးချုပ်မြန်မာ့အထည်အလိပ်လုပ်ငန်းစီမံကိန်းများကြည့်ရှုစစ်ဆေးမှာကြား

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့ဦးကျောင်းပသည့် ဆန္ဒတော်ပြည့်စေတီတော်အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို တက်ရောက် ပူဇော်ကြည်ညိုပြီးနောက် မြင်းခြံမြို့ရှိ မြန်မာ့အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(မြင်းခြံ)သို့ ရောက်ရှိကြရာ စီမံကိန်းညွှန်ကြားရေးမှူးဦးရဲဝင်းနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❑



**စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီးချည်မျှင်နှင့်အထည်စက်ရုံ တည်ဆောက်ရေးစီမံကိန်းပြီးစီးမှုကိုတွေ့ရစဉ်။ (သတင်းစဉ်)**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

# စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပိုလျှံရေး

## ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများအောင်မြင်အောင်ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်များဖြင့် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွင်းရှိ သယံဇာတစွမ်းအား၊ နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တိုင်းရင်းသားပြည်သူများ၏ စွမ်းအားတို့ကို အခြေခံပြီး အမျိုးသားစီမံကိန်းများဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် သဘာဝသယံဇာတအရင်းအမြစ်များကို တိုးချဲ့ရှာဖွေထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်အတွင်း သဘာဝသယံဇာတများကို ကြိုးပမ်းရှာဖွေ ထုတ်လုပ်လျက်ရှိရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သည် တစ်ခုအပါအဝင်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံတော်၏စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံ ပိုလျှံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကုန်းတွင်းပိုင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများကိုလည်း ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ကဏ္ဍအတွက် နိုင်ငံတော်၏ သဘာဝအရင်းအမြစ် စွမ်းအင်ရတနာသိုက်အသစ်များကို အမြဲမပြတ် ရှာဖွေထုတ်လုပ်လျက်ရှိသည်။ မူလသဘာဝ စွမ်းအင်ရတနာသိုက်များအပြင် ၁၉၉၉ ခုနှစ်အတွင်း ညောင်တုန်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်၊ ၂၀၀၁ ခုနှစ်အတွင်း သာကြီးတောင်၊ စံပယ်တောင် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်၊ ၂၀၀၂ ခုနှစ် ဩဂုတ်လအတွင်း အင်းတော်သဘာဝဓာတ်ငွေ့သိုက်၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ရခိုင်ကမ်းလွန်ဒေသတွင် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်တို့ကို ရှာဖွေတွေ့ရှိနိုင်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ ညနေပိုင်းက စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ်ရှိ အင်းတော်ဒေသ ရေနံရှာဖွေရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ လုပ်ငန်းခွင်၌ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အင်းတော်ဒေသ ရေနံရှာဖွေရေးစီမံကိန်း၏ တည်နေရာ၊ အင်းတော်ဒေသ ရေနံရှာဖွေရေး နောက်ခံသမိုင်း၊ အင်းတော်ဒေသ၏ ဘူမိဗေဒအနေအထားနှင့် အလားအလာ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက အင်းတော်ဒေသ ဘူမိအနေအထားကို အသေးစိတ် ထပ်မံလေ့လာမှု၊ လမ်းဖောက်လုပ်မှု၊ ယန္တရားများနှင့် တွင်းတူးပစ္စည်းများပေးပို့မှု၊ အင်းတော်ဒေသ၌ တွင်းအမှတ်(၁)၊ (၂)၊ (၃) စမ်းသပ်တူးဖော်နေမှု၊ တွင်းအမှတ်(၁)ကို အနက်ပေ ၆၅၀၀ အထိတူးပြီး တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၄ ဒသမ ၃၂ သန်းခန့် ထွက်ရှိနေမှု၊ တွင်းအမှတ်(၂)မှ ဆားငန်ရည်များသာထွက်ရှိမှု၊ တွင်းအမှတ်(၃)ကို ပေ ၆၀၀၀ အထိ တူးဖော်မည်ဖြစ်ရာ ယနေ့အထိ ၇၅၇ ပေအထိ ရောက်ရှိနေမှု၊ အကဲဖြတ်တွင်းများတူးပြီး အင်းတော်ဒေသ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့အလားအလာကို ခန့်မှန်းတွက်ချက်ရန် စီစဉ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများ၏ အလားအလာနှင့် ထုတ်လုပ်နိုင်မှု၊ အလားအလာရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ၌ တိုးချဲ့လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

**"လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တူးဖော်ဆဲနှင့် ဆက်လက်တူးဖော်ရန် လျာထားမှုအစီအမံအတိုင်း ကြိုးပမ်းဆောင်ရွက်ရန်"**

မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အင်းတော်ဒေသ ရေနံရှာဖွေရေးစီမံကိန်း တွင်းအမှတ်(၃)၌ တွင်းတူးစက်များဖြင့် တူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သို့ဖြစ်ရာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတွင် အဓိကအရေးပါသည့် စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပိုလျှံရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူအသီးသီးက ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးစီမံကိန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**ကြည့်ရှု**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပဲခူးတိုင်း ရွှေကျင်မြို့နယ် ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီး ဆောက်လုပ်ရေး စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုနေစဉ်။ (ကျန်းမာရေး)

## ရွှေကျင် ခုတင်(၁၀၀)ဆံ့ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင် ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မဒေါက်တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ သွားဖွားခန်းတို့ကို လှည့်လည်ကြည့်ရှုကာ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျင် ခုတင်(၁၀၀)ဆံ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရွှေကျင်ဆေးရုံအုပ် ဒေါက်တာကြည်စိုးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဆေးရုံဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် လက်ရှိ ရွှေကျင်ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ သားဖွားခန်းတို့အား လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားကာ ဆေးရုံအတွင်း လှည့်လည်စစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး လူနာဆောင်၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် သွားဆေးကုခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**တာမွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အရိုးကုန်းရပ်ကွက်၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ဝင်းသိန်းက စိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (၁၁၅)**

## ညောင်ဦးမြို့နယ်အသင်း ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ပုဂံ–ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မဟာဝိသုတာရုံ တိုက်သစ်ကျောင်း ပဓာန နာယက ဘဒ္ဒန္တ ဥတ္တမအား ပုဂံ–ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)မှ ထပ်ဆင့်ချီးကျူးပူဇော်ပွဲကို မတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အင်းစိန်မြို့ မင်းဇေတီလမ်း ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း) ဖုန်း–၆၄၀၄၈၇၊ ၆၄၀၄၈၉ နှင့် ဦးမြင့်လွင် (အိမ်) ဖုန်း–၅၈၀၃၄၉၊ (ရုံး) ၂၀၁၅၅၅၊ လိုင်းခွဲ–၂၁၁ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ (က–ပ)

## ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့ နှစ်လည်စည်းဝေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့၏ ၂၀၀၄ ခုနှစ်အတွက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးပွဲကို ဖေဖော်ဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ အဖွဲ့တည်ရာ ရှင်သာမဏေဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ အမှုဆောင်များ၊ အသင်းဝင်များ၊ အလှူရှင်များတက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (က–ပ)

## မဟာမဏ္ဍိမာရုံကျောင်း ပရိယတ္တိစာသင်တိုက် တရားပွဲများကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရွှေဥရတနာရွှေဆိုင်မိသားစု၏ ဓမ္မပူဇာအဖြစ် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ နေ့စဉ် ည ၆ နာရီခွဲမှစ၍ သန်လျင်မြို့ မဟာမဏ္ဍိမာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ တရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၁၊ ၂၂ ရက်တို့တွင် ဒေါက်တာ အရှင်ဂမ္ဘီရဗုဒ္ဓိ (ဓမ္မာစရိယပါဠိပါရဂူ MA.,Ph.D) အိန္ဒိယနိုင်ငံ ဗာရာဏသီကျောင်း ဆရာတော်ကလည်းကောင်း၊ ဖေဖော်ဝါရီ ၂၄၊ ၂၆ ရက်တို့တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဆရာတော်ကလည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် အရှင်ခေမာသိရိလင်္ကာရ (သီတဂူကြာတစ်ပွင့် ပိဋကတစ်ပုံခွဲဆောင်) ရွှေပြည်ဟိန်းကျောင်း ဆရာတော်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

# ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေထုတ်ပြန်

*နိုင်ငံတော်မှ*

(င) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက သတ်မှတ်ချက်များနှင့်အညီ ထုတ်ယူခြင်းကို ဆိုသည်။

(စ) **လက်ခံရေးဌာန** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းအတွက် လက်ခံသည့်ဌာနကို ဆိုသည်။

(ဆ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကော်မတီကို ဆိုသည်။

အခန်း(၂)

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းဖြင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းအစားထိုးကုသမှု ခံယူရမည့်သူများ၏အသက်ကို ကယ်တင်နိုင်ရန်၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းချွတ်ယွင်း၍ မသန်မစွမ်းဖြစ်နေသူများအား ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုး ကုသပေးနိုင်ခြင်းဖြင့် ပြန်လည်သန်စွမ်းလာစေရန်၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသရေးလုပ်ငန်းနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ဃ) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများ တိုးပွားလာစေရေးအတွက် ဆောင်ရွက်နိုင်ရန်၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသရေးတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂိုလ်များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အခန်း(၃)

**ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း**

၄။ အစိုးရအဖွဲ့သည်–

(က) အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကော်မတီကိုဖွဲ့စည်းရမည်–

(၁) ဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းမှကိုယ်စားလှယ်များ — အဖွဲ့ဝင်

(၃) သင့်လျော်သောပညာရှင် ကျွမ်းကျင်သူများ — အဖွဲ့ဝင်

(၄) ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(ခ) လိုအပ်လျှင် ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး တို့ကိုသတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီဝင်သည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကိုခံစားခွင့်ရှိသည်။

အခန်း (၄)

**ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကော်မတီ၏လုပ်ငန်းတာဝန်များ**

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများ တိုးပွားလာရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်းများ အရည်အသွေးစစ်ဆေးခြင်း၊ ထုတ်ယူခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းတကျဖြစ်စေရန် လမ်းညွှန်ခြင်း၊

(ဃ) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးလုပ်ငန်းဆောင်ရွက်ရာတွင် ယင်းလုပ်ငန်းနှင့်သက်ဆိုင်သော သုတေသနလုပ်ငန်းများနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်စေရန် လမ်းညွှန်ခြင်း၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးခြင်းဆိုင်ရာ ပညာရှင်များ၊ သုတေသနပညာရှင်များ၊ ကျွမ်းကျင်သူများ မွေးထုတ်ရန် စီမံဆောင်ရွက်ခြင်း၊

(စ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဆ) ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြည်ပသို့တင်ပို့ခြင်း၊ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဇ) အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူခြင်း၊ အလှူငွေ၊ ပစ္စည်းတို့ကို လက်ခံရယူခြင်း၊ စနစ်တကျ ထိန်းသိမ်းထားရှိခြင်းနှင့် ခွဲဝေသုံးစွဲခွင့်ပြုခြင်း။

၇။ ကော်မတီသည် လိုအပ်သောဒေသများတွင် လက်ခံရေးဌာနများ သတ်မှတ်ပေးနိုင်ရန် သက်ဆိုင်ရာဌာနသို့ ညွှန်ကြားနိုင်သည်။

၈။ ကော်မတီသည် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းပြီး ယင်းတို့၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးနိုင်သည်။

အခန်း(၅)

**ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်း**

၉။ အသက်(၁၈)နှစ်ပြည့်ပြီးသူသည် မိမိ၏ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းနိုင်သည်။

၁၀။ ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးသည် မိသားစုအတွင်း၌ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းနိုင်သည်။

၁၁။ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ လက်ခံနိုင်သည်။

၁၂။ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းကို လက်ခံလျှင်–

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများ မှတ်ပုံတင်စာအုပ်တွင် အမည်စာရင်းရေးသွင်းရမည်။

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူကိုဖြစ်စေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသော ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းကိုဖြစ်စေ အသိအမှတ်ပြုလွှာ ထုတ်ပေးရမည်။

၁၃။ သေဆုံးသူသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူဖြစ်ကြောင်း သိရှိပါက ထိုသူသေဆုံးသည့်ဆေးရုံ သို့မဟုတ် ဆေးခန်းမှတာဝန်ရှိသူကလည်းကောင်း၊ နေအိမ်မှတာဝန်ရှိသူကလည်းကောင်း အနီးဆုံးရှိ လက်ခံရေးဌာနသို့ အမြန်ဆုံး အကြောင်းကြားရမည်။

၁၄။ (က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူသည် အသိအမှတ်ပြုလွှာကို ပြန်လည်အပ်နှံကာ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ လက်ခံရေးဌာနသို့ အကြောင်းကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ အကြောင်းကြားလာလျှင် လက်ခံရေးဌာနသည် အဆိုပါ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ အမည်ကို ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရမည်။

အခန်း (၆)

**ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း**

၁၅။ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် သက်ဆိုင်ရာ ပညာရှင် သို့မဟုတ် ကျွမ်းကျင်သူကသာ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည်။

၁၆။ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသည့် အောက်ဖော်ပြပါ တစ်ဦးဦး၏ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည်–

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၊

(ခ) ပိုင်ရှင်မရှိသည့် သေဆုံးသူ၊

(ဂ) ကျန်ရစ်သူ ဇနီး၊ခင်ပွန်း၊သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးဦးက ပုဒ်မ ၁၀ အရ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းခံရသည့် သေဆုံးသူ။

၁၇။ မှူခင်းဆရာဝန်သည် မှုခင်းဖြစ်ရပ်တစ်ခုခုတွင် သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူက တောင်းခံလာလျှင် ခွင့်ပြုရမည်။ သို့သော် အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ပါကခွင့်မပြုရ–

(က) မသေဆုံးမီက မိမိ၏ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းရန်ဆန္ဒမရှိကြောင်း စာရေးသားထားခဲ့သူ ဖြစ်ခြင်း၊

(ခ) ထုတ်ယူမည့်ကိုယ်အင်္ဂါအစိတ်အပိုင်းကို သက်ဆိုင်ရာ မှုခင်းဆရာဝန်က ရင်ခွဲစစ်ဆေးမှုအပြီးသတ် မဆောင်ရွက်ရသေးခြင်း၊

(ဂ) ကျန်ရစ်သူ ဇနီး၊ခင်ပွန်း၊သားသမီး၊မိဘ၊ ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးဦးက ကန့်ကွက်ခြင်း။

၁၈။ ပုဒ်မ ၁၃အရ အကြောင်းကြားလာသည့်အခါ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းကို သတ်မှတ်သည့် အချိန်ကာလအတွင်း ထုတ်ယူရန် သို့မဟုတ် သယ်ယူရန်စီစဉ်ဆောင်ရွက်ရမည်။

အခန်း (၇)

**ကိုယ်အင်္ဂါအစိတ်အပိုင်း သိုလှောင်ခြင်း၊ ထုတ်ပေးခြင်း**

၁၉။ လက်ခံရေးဌာနသည် ထုတ်ယူရရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်များနှင့်အညီ သိုလှောင်ထားရှိရမည်။

၂၀။ လက်ခံရေးဌာနသည် အောက်ပါတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်–

(က) လက်ခံရရှိထားသော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို အစားထိုးကုသရန် ထုတ်ပေးခြင်း၊

(ခ) အစားထိုးကုသရေးတွင် အသုံးပြုနိုင်ခြင်းမရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ပညာသင်ကြားရန် ဖြစ်စေ၊ သုတေသနပြုရန် ဖြစ်စေ ထုတ်ပေးခြင်း။

အခန်း(၈)

**ပြစ်မှုနှင့် ပြစ်ဒဏ်**

၂၁။ မည်သူမဆို ကိုယ်အင်္ဂါအစိတ်အပိုင်းကို အဖိုးစားနားဖြင့် ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၁ ပါ ပြစ်မှုကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အခန်း(၉)

**အထွေထွေ**

၂၃။ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ရပ်ဖြစ်သည့် မျက်စိလှူဒါန်းခြင်းဆိုင်ရာ ကိစ္စနှင့် စပ်လျဉ်း၍မူ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည်။

၂၅။ ကျန်းမာရေးဝန်ကြီးဌာနသည်–

(က) ကော်မတီ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးရမည်။

၂၆။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ထိုသူကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၂၇။ ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်သည် ကော်မတီကသတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သည့်ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်–

(က) ကျန်းမာရေး ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**(ပုံ) သန်းရွှေ**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**



**ဖေဖော်ဝါရီ၁၉ ရက်က မန္တလေးအသင်း(ရန်ကုန်)မှ (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော မန္တလေးတိုင်းအမျိုးသမီးတင်းနစ်အသင်းအား ဂုဏ်ပြုပွဲကို အသင်းတိုက်တွင် ကျင်းပရာ မန္တလေးအသင်း အားကစားအဖွဲ့ ဥက္ကဋ္ဌ ဦးဖေသန်းက ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်စဉ်။**

**(မြန်မာ့အလင်း)**

**ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဘွဲ့တံဆိပ်၊ ထူးချွန်ဆုရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စိတ်တိုင်းကျ စားသောက်ဆိုင်ခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးရဲမြင့်က ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် မောင်ကျော်ဗိုလ်ဝင်းအား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။**

**(က–ပ)**



# ဟီလာမြို့ရှိတပ်စခန်းအား ကားဗုံးနှစ်လုံး တစ်ပြိုင်တည်းဖောက်ခွဲတိုက်ခိုက်

ဖေဖော်ဝါရီ ၁၈ ရက်က ဟီလာမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဟီလာ ဖေဖော်ဝါရီ ၁၈

**အီရတ်နိုင်ငံတောင်ပိုင်း ဟီလာမြို့ရှိ ပိုလန်တပ်စခန်း၌ ကားဗုံးနှစ်လုံး တစ်ပြိုင်နက်ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူကိုးဦးသေဆုံးခဲ့ကြောင်း သိရသည်။**

မော်တော်ယာဉ်နှစ်စီးသည် အသေခံဗုံးခွဲရန်စီစဉ်ပြီး တပ်စခန်းသို့ဝင်ရောက်ကာ ပထမကားတစ်စီးကို ဖောက်ခွဲခြင်းဖြင့် အကာအကွယ်ပေးထားသော ကွန်ကရိဘလောက်တုံးများ၏ ကာကွယ်နိုင်မှုကိုလျှော့ချရန် စီစဉ်ထားပြီး ဒုတိယကားဗုံးခွဲမှုဖြင့် လူအမြောက်အမြားသေစေရန် ရည်ရွယ်သည်ဟု သိရသည်။ သို့ရာတွင် ပထမ ကားမောင်းသူကို ပစ်သတ်ခဲ့သည့်အတွက် ဗုံးခွဲမှုအရှိန်လျော့ကျသွားကာ အသေခံဗုံးခွဲသူနှစ်ဦးနှင့် အနီးနားရှိ အီရတ်အရပ်သားနှစ်ဦး သေဆုံးသွားသည်။

**ဒဏ်ရာရရှိ**

သေဆုံးသူဦးရေ ထပ်မံမြင့်တက်လာနိုင်ကြောင်းနှင့် ပိုလန်တပ်ဖွဲ့ဝင် ခြောက်ဦး၊ ဟန်ဂေရီတစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးတို့ ဒဏ်ရာရရှိသွားသည်။ ယခုတိုက်ခိုက်မှုသည် လေးလအတွင်း အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်ပြီး ပြီးခဲ့သောနှစ် နိုဝင်ဘာလအတွင်း နာဆီရီယာရှိ အီတလီစစ်ရဲစခန်းအား တိုက်ခိုက်မှုကြောင့် အီတလီတပ်ဖွဲ့ဝင် ၂၃ ဦး သေဆုံးခဲ့ကာ ဒီဇင်ဘာလ၌ ကာဘာလာမြို့ တိုက်ခိုက်မှုကြောင့် ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ခြောက်ဦးနှင့် အခြားတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# ရာမာဒီမြို့၌ အမေရိကန်ကင်းလှည့်တပ်ဖွဲ့တိုက်ခိုက်ခံရ ဒုံးကျည်ဖြင့်ပစ်ခတ်၍ ကန်တပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၈

**ဘဂ္ဂဒက်အနောက်ဘက် ရာမာဒီမြို့ရှိ ပြည်သူ့ဆေးရုံအနီး၌ အင်္ဂါနေ့က ကင်းလှည့်အမေရိကန်တပ်ဖွဲ့ကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိကြောင်း အယ်ဂျာဇီရာရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။**

ယခုတိုက်ခိုက်မှုသည် ၂၄ နာရီအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ စတုတ္ထအကြိမ် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။

တပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့သော သီးခြားတိုက်ခိုက်မှုသုံးခု တနင်္လာနေ့၌ ဖြစ်ပွားခဲ့ပြီးနောက် ယခုကဲ့သို့ အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရခြင်း ဖြစ်သည်။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် တနင်္လာနေ့ညက လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦး ဒဏ်ရာရခဲ့သည်။

အမေရိကန်စစ်ဘက်ဆိုင်ရာ၏ ပြောဆိုချက်အရ အမေရိကန်တပ်ဖွဲ့ဝင်များသည် ယာဉ်တန်းဖြင့်သွားစဉ် ဘဂ္ဂဒက်အနောက်မြောက်ဘက် ကီလိုမီတာ ၄၀၀ ခန့်ရှိ တော်လ်ဖာအနီးတွင် လမ်းဘေးဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု သိရသည်။

တပ်ဖွဲ့ဝင်တစ်ဦးမှာ ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့်သယ်ဆောင်စဉ် သေဆုံးကြောင်း စစ်ဘက်က ပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ပြီးနောက် တိုက်ခိုက်ရေးသမားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သော်လည်း တစ်ဦးကိုမျှ ဖမ်းမိခြင်းမရှိဟု စစ်ဘက်က ပြောသည်။

တနင်္လာနေ့အစောပိုင်း၌ ဘဂ္ဂဒက်မြို့အလယ်ပိုင်းနှင့် မြောက်ပိုင်းတွင် စစ်ယာဉ်တန်းများကို သီးခြားတိုက်ခိုက်ခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

# အီရတ်ရှိဆေးရုံနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးရန် အိုင်အိုအမ်သဘောတူညီမှုရရှိ

ဂျီနီဗာ ဖေဖော်ဝါရီ ၁၈

**ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)သည် အီရတ်ရှိ ဆေးကျောင်းသားများနှင့် ကျန်းမာရေးအသက်မွေးဝမ်းကျောင်းပြုသူများကို လေ့ကျင့်သင်ကြားပေးရန် ကွန်ပျူတာနှင့် နည်းပညာပေးရန်အတွက် ဝီရက်ဒ်အင်တာနေရှင်နယ်နှင့် လုပ်ငန်းဆောင်ရွက်ရန် သဘောတူချက်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း အင်္ဂါနေ့က ကြေညာလိုက်သည်။**

ဝီရက်ဒ်သည် အခမဲ့ အင်တာနက်အဆက်အသွယ်ကိုပေးမည့်အပြင် အီးစာကြည့်တိုက်များ ထူထောင်ခြင်းမှတစ်ဆင့် သုတေသနကြိုးပမ်းချက်များကို အထောက်အကူပေးသွားမည်ဖြစ်သည်ဟု အိုင်အိုအမ် ပြောခွင့်ရှိသူ ခရစ္စတိုဖာ လွမ်က ပြောကြားသည်။

ဝီရက်ဒ်အင်တာနေရှင်နယ်သည် ကာလီဖိုးနီးယား၌ အခြေစိုက်ပြီး အမြတ်အစွန်းမရှိသော ပြန်ကြားရေးနှင့် ဆက်သွယ်ရေးအရင်းအမြစ်များ ကုမ္ပဏီဖြစ်သည်။ အဆိုပါကုမ္ပဏီသည် ကမ္ဘာတစ်ဝန်းရှိ တိုးတက်မှုမရှိသောသူများကို အကူအညီပေးသည့် ကုမ္ပဏီဖြစ်သည်။

အီရတ်ရှိ ဆေးရုံနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအများအပြားသည် လူအများကို အနိမ့်ဆုံးအဆင့်ကိုပေးရန် ရုန်းကန်နေရဆဲဖြစ်ပြီး ကျန်းမာရေး အလုပ်သမား အများအပြားသည် နိုင်ငံမှထွက်ခွာသွားခဲ့ကြသည်။ အများအပြားမှာ လုံခြုံရေးအခြေအနေကြောင့် အီရတ်သို့ ပြန်လည် မဝင်ရောက်ကြဘဲ ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

# အမေရိကန်စစ်ယာဉ် မိုင်းထိမှန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ ကိုးဦးဒဏ်ရာရရှိ

ကဘူးလ် ဖေဖော်ဝါရီ ၁၉

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်၏အရှေ့ဘက် ကူနာပြည်နယ်တွင် အမေရိကန်နှင့်အပေါင်းအပါတပ်ဖွဲ့၏ ယာဉ်တစ်စီး မိုင်းပေါက်ကွဲထိမှန်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရသွားသည်ဟု အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။**

ကူနာပြည်နယ်မြို့တော် အဆာဒါဘက်မြို့အနီးတွင် အပေါင်းပါတပ်ဖွဲ့၏ ယာဉ်တစ်စီး မိုင်းထိမှန်ရာ၌ အဆိုပါ တပ်ဖွဲ့ဝင်မှာ နှာခေါင်း၌ ဒဏ်ရာရခဲ့သည်ဟု အပေါင်းပါတပ်ဖွဲ့ ပြောခွင့်ရှိသူ ဘရိုင်ယန်ဟီလ်ဖာတီက ပြောကြားသည်။

**မိုင်းထိမှန်**

အဆာဒါဘက်မြို့ အနီးတွင် တနင်္လာနေ့၌ ကင်းလှည့်သည့် အမေရိကန်စစ်ယာဉ်နှစ်စီး မိုင်းထိမှန်ပြီး သေဆုံးမှုများရှိသည်ဆိုသော သတင်း မမှန်ကြောင်း ၎င်းကငြင်းဆိုသည်။

**ပြောဆို**

တပ်ဖွဲ့ဝင်တစ်ဦးသာ ဒဏ်ရာ အနည်းငယ်ရကြောင်း၊ အာဖဂန်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှုရှိသော တစ်ပတ်အတွင်း ဒုတိယအကြိမ် တိုက်ခိုက်မှုဖြစ်ကြောင်း ၎င်းကပြော ဆိုသည်။

**ပေါက်ကွဲ**

ကဘူးလ်မြို့တောင်ဘက် ကီလိုမီတာ ၁၅၀ ရှိ ဂါဇ်နီ၌ သောကြာနေ့က မိုင်းတစ်လုံးပေါက်ကွဲရာတွင် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာ ရခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



ဖေဖော်ဝါရီ ၁၆ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အချို့ကို ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဗီယက်နမ်သစ်သားထည်ပစ္စည်းတင်ပို့မှု ရှေ့နှစ်၌ ဒေါ်လာသန်း ၁၀၀၀ ရရှိမည်

ဟန္နိုင်း ဖေဖော်ဝါရီ ၁၇

**ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် သစ်သားထည်ပစ္စည်းပို့ကုန်မှ အမေရိကန်ဒေါ်လာသန်း ၇၅၀ ရရှိမည်ဟု ခန့်မှန်းချက်အပေါ် ၃၃ ဒသမ ၃ ရာခိုင်နှုန်း တိုးလာမည်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ဒေါ်လာတစ်ဘီလီယံ ရရှိမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။**

ယှဉ်ပြိုင်ဈေးနှုန်းနှင့် ဈေးကွက်တိုးချဲ့ခြင်းတို့သည် ပို့ကုန်တိုးမြှင့်ရေးအတွက် အဓိကအရည်အချင်းဖြစ်ကြောင်း ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

ထို့အပြင် ၎င်းတို့၏ ရေရှည်ဈေးကွက်များနှင့် ဒေသတွင်း သစ်သားထည်ထုတ်လုပ်တင်ပို့သူများသည် မကြာသေးသည့်ကာလက ဈေးကွက်အသစ်များကို ထိုးဖောက်ခဲ့ကြောင်း ယင်းတို့မှာ ကူဝိတ်၊ တောင်အာဖရိက၊ ချီလီနှင့် ပီရူးတို့ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ဂျပန်နှင့် ဥရောပတို့ပြီးလျှင် ဗီယက်နမ်နိုင်ငံ၏ တတိယ သစ်သားထည်ပစ္စည်း တင်သွင်းနိုင်ငံဖြစ်သည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## နိုင်ငံတကာသတင်းများ

# လုံခြုံရေးမကောင်း၍ ရှေးဟောင်းပစ္စည်းများ လုယက်ခံနေရ နိုင်ငံပြင်ပသို့ ခိုးထုတ်နေမှုတားဆီးရန် သတင်းစာ၌ဖော်ပြ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၈

**အီရတ်ရှေးဟောင်းပစ္စည်းများကို နိုင်ငံပြင်ပသို့ လုယက်မှောင်ခိုထုတ်မှုများ ရပ်တန့်သွားအောင် ဆောင်ရွက်ကြရန် အီရတ်သတင်းစာတစ်စောင်က ယဉ်ကျေးမှုနှင့် ပြည်ထဲရေးဝန်ကြီးဌာနများကို တနင်္လာနေ့က တိုက်တွန်းရေးသားလိုက်သည်။**

ပျက်စီးခဲ့သော အီရတ်မြို့ကြီးအများအပြားတွင်ရှိသော ရှေးဟောင်းပစ္စည်းများသည် နေ့စဉ်လုယက်ခံနေကြရပြီး မှောင်ခိုထုတ်ခြင်းခံနေကြရကြောင်း၊ အထူးသဖြင့် ဘဂ္ဂဒက်တောင်ပိုင်းရှိ ဝါဆစ်နှင့် ဒီယာလာပြည်နယ်နှစ်ခု၌ဖြစ်ကြောင်း အယ်လ်နာဒါ သတင်းစာက ရေးသားဖော်ပြသည်။

**မှောင်ခိုထုတ်**

လုယက်သည့်အုပ်စုများသည် ရှေးဟောင်းပစ္စည်းများကို ဆော်ဒီအာရေဗျ၊ ကူဝိတ်နှင့် အီရန်တို့ကဲ့သို့ အိမ်နီးချင်းနိုင်ငံများသို့ မှောင်ခိုထုတ်ကြကြောင်း သတင်းစာက ရေးသားသည်။

တော်လ်အယ်လ်ခန်၊တော်လ်အဘိုရာဆင်၊ တော်လ်အဘိုတာ ချီယာနှင့် အခြားရှေးဟောင်းမြို့များသည် အီရတ်နိုင်ငံ၏ မြို့ပျက်များတွင်ပါဝင်ပြီး ယခင်က အကာအကွယ်ပေးခဲ့သော်လည်း ယခုအခါ လုံခြုံရေးမရှိသဖြင့် ရှေးဟောင်းပစ္စည်းများ လုယက်ခြင်းခံနေကြရသည်။

**ပါဝင်**

ဘဂ္ဂဒက်တောင်ဘက် ကီလိုမီတာ ၈၀ရှိ နာဂျက်ဖ်မြို့၏ အယ်လ်ကီဖီဒေသတွင်ရှိသော အပျက်အစီးများကို လုယက်သူများတွင် နိုင်ငံခြားအဖွဲ့အစည်းများပါဝင်ကြောင်း သတင်းစာက ရေးသားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဖေဖော်ဝါရီ ၁၈ရက်က ဟီလာမြို့အနီး ပိုလန်စစ်အခြေစိုက်စခန်းကို အီရတ်ပြောက်ကျားတို့က တိုက်ခိုက်ခဲ့ပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ယင်းတိုက်ခိုက်မှုတွင် ပိုလန် ခြောက်ဦး၊ ဟန်ဂေရီတစ်ဦးနှင့် အမေရိကန်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။)**

(ဓာတ်ပုံ-အင်တာနက်)

# နှင်းမုန်တိုင်းများနှင့် ဖုန်မုန်တိုင်းများ အီရတ်တွင် ကျရောက်တိုက်ခတ်ခဲ့

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၈**

လွန်ခဲ့သည့်နှစ်ရက်တွင် အရှေ့အလယ်ပိုင်းကို ထိခိုက်စေခဲ့သော နှင်းမုန်တိုင်းများနှင့် ဖုန်မုန်တိုင်းများ အီရတ်နိုင်ငံ၌ ကျရောက်သည်ကို တွေ့ရကြောင်း အီရတ်ရာသီဥတုသတင်းရပ်ကွက်များက ပြောကြားသည်။

**မိုးသည်းထန်**

အီရတ်မြောက်ပိုင်းဒေသအများအပြား၌ နှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့ပြီး ဘဂ္ဂဒက်မှ ကီလိုမီတာ ၄၀၀ဝေးသော မိုဆူးလ်၌ အပူချိန်နိမ့်ကျခဲ့ပြီး စနေနေ့အစောပိုင်းမှစတင်ကာ မိုးသည်းထန်ခဲ့သည်။

**ပြတ်တောက်**

နောက်ပိုင်း၌ နှင်းများထူထပ်ခဲ့သည်ဟု သတင်းရပ်ကွက်များက ပြောကြားသည်။ မိုဆူးလ်၌ နှင်းများကျဆင်းမှုကြောင့် အနီးရှိ အာဘီလ်နှင့် ဒီဟော့ခ်မြို့များသို့သွားသောလမ်းများ အဆက်အသွယ်ပြတ်တောက်ခဲ့သည်။ ဘဂ္ဂဒက်၌လည်း လွန်ခဲ့သည့်နှစ် မတ်လနောက်ပိုင်း အဆိုးရွားဆုံး ဖုန်မုန်တိုင်းများ တိုက်ခတ်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဖိနှိပ်ချုပ်ချယ်ရေးနည်းလမ်းများနှင့် ဗိုလ်ကျစိုးမိုးရေးဝါဒ ပင်လယ်ကွေ့ဒေသကိုခြိမ်းခြောက်ဟု အီရန်သမ္မတပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၁၈**

ပါရှန်ပင်လယ်ကွေ့ဒေသသည် အင်အားကြီးနိုင်ငံများ၏ ဖိနှိပ်ချုပ်ချယ်ရေးနည်းလမ်းများနှင့် ဗိုလ်ကျစိုးမိုးရေးဝါဒများ၏ ခြိမ်းခြောက်ခြင်းကို ခံနေရကြောင်း အီရန်သမ္မတ မိုဟာမက်ခါတာမီက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

**ကျော်လွန်ဖြတ်သန်း**

တီဟီရန်၌ ကျင်းပလျက်ရှိသော ပါရှန်ပင်လယ်ကွေ့ဆိုင်ရာ (၁၄)ကြိမ်မြောက် နိုင်ငံတကာညီလာခံသို့ သမ္မတခါတာမီက သဝဏ်လွှာပေးပို့ရာ၌ ထိုသို့ရေးသားထားသည်။ အင်အားကြီးနိုင်ငံများ ချမှတ်ကျင့်သုံးသည့် တစ်ဖက်သတ်ကျသော မူဝါဒများကြောင့် လွန်ခဲ့သည့်နှစ် အနည်းငယ်အတွင်း၌ ပင်လယ်ကွေ့ဒေသသည် အခက်ခဲဆုံး အခြေအနေတစ်ရပ်ကို ကျော်လွန်ဖြတ်သန်းခဲ့ရသည်ဟု သမ္မတ ခါတာမီက သဝဏ်လွှာ၌ ရေးသားဖော်ပြထားသည်။

**စိတ်ဝင်စား**

ဒေသဆိုင်ရာ စစ်ပွဲများနှင့် ပဋိပက္ခများကြောင့် အပြစ်မဲ့ပြည်သူ ထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရပြီး ဒေသတွင်းရှိ ကွဲပြားသော နိုင်ငံများကို ကြီးမားသော ပျက်စီးမှုဖြစ်စေခဲ့ကြောင်း သမ္မတက ဆက်လက်ရေးသားထားသည်။ ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးထူထောင်မှုအပေါ် အခြေခံသည့် အီရန်၏နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ ပြောကြားရာ၌ ခါတာမီက အီရန်နိုင်ငံသည် စစ်ကြောင့်ပျက်စီးခဲ့ရသော အီရတ်နိုင်ငံတွင် ငြိမ်းချမ်းရေး ထူထောင်ခြင်း၌ စိတ်ဝင်စားခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင်သမ္မတ ခါတာမီက အီရတ်ရှိ နိုင်ငံခြားတပ်များ အီရတ်နိုင်ငံမှ ထွက်သွားကြရန်နှင့် အီရတ်နိုင်ငံအား ကိုယ့်ကြမ္မာကိုယ်ဆုံးဖြတ်ခွင့်ပြုရန်လည်း ထပ်မံတိုက်တွန်းခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ရှာဖွေစစ်ဆေး

**ဖေဖော်ဝါရီ ၁၇ရက်က ဘဂ္ဂဒက်နှင့်ဘာကူဘာမြို့၌ အမေရိကန် စစ်ယာဉ်တန်းနှစ်ခု တိုက်ခိုက်ခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးမှုများပြုလုပ်နေစဉ်။ (ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။)**

(ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာမှအဝေးကွာဆုံးကြယ်တာရာစုတွေ့ရှိ

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၇**

ကမ္ဘာမှ အဝေးကွာဆုံးဟု ယုံကြည်ရသည့် ကြယ်တာရာစုတစ်စုကို နက္ခတ်ပညာရှင်များက ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း တနင်္ဂနွေနေ့က ပြောကြားသည်ဟု ပြည်တွင်းမီဒီယာများက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါ ကြယ်တာရာစုသည် ကမ္ဘာမှ အလင်းနှစ် ၁၃ဘီလီယံခန့်ဝေးပြီး မိမိတို့နဂါးငွေ့တန်းထက် ၅၀ ဆ သို့မဟုတ် အလင်းနှစ် ၂၀၀၀ခန့်သေးငယ်ကြောင်း သိရသည်။

**ရှာဖွေတွေ့ရှိ**

နိုင်ငံတကာ နက္ခတ်တာရာ ပညာရှင်များအသင်းခေါင်းဆောင် ဂျိမ်းပေါကိဖ်က အဆိုပါ ကြယ်တာရာစုကို စွမ်းအားအပြည့်အဝရှိသော နက္ခတ်တာရာကြည့်မှန်ပြောင်းနှစ်ခုဖြင့် ရှာဖွေတွေ့ရှိခဲ့ကြောင်း ယင်းတို့မှာ အာကာသတွင်ရှိသော နက္ခတ်တာရာကြည့်မှန်ပြောင်းနှင့် ဟာဝိုင်ရီတွင်ရှိသော နက္ခတ်တာရာကြည့်မှန်ပြောင်းတို့ဖြစ်ကြောင်း ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံစက်မှုဝန်ကြီးနှင့်အဖွဲ့ အားလက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H.E. Mr. Phinij Jarusombut နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Suphot Dhirakaosal လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H. E. Mr. Phinij Jarusombut နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H. E. Mr. Phinij Jarusombut နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**



# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့်ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုအဖွဲ့ရုံးတို့အကြား ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးစာချုပ်လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H.E. Mr. Phinij Jarusombut က ယနေ့နံနက် ၁၀ နာရီခွဲတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။ တွေ့ဆုံရာသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ဧည့်သည်တော် ဝန်ကြီးနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ရုံး(BOI)မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။**

**တက်ရောက်**

တွေ့ဆုံနှုတ်ဆက်အပြီးတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ရုံး (BOI)တို့ အကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H.E. Mr. Phinij Jarusombut၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

လက်မှတ်ရေးထိုးပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းနွဲ့နှင့် ထိုင်းနိုင်ငံ ရင်းနှီး မြှုပ်နှံမှု အဖွဲ့ရုံး (BOI) ကိုယ်စား အထွေထွေ အတွင်းရေးမှူး Mr. Somphong Wanapha တို့က ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ **(သတင်းစဉ်)**

## ကလေးများပုံပြောပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ၏ ပုံပြောပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(ဘီ)၌ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို အမက (၁၂) စမ်းချောင်း၊ ဒုတိယဆုကို အမက (၆)အလုံ၊ တတိယဆုကို အမက(၂) လှိုင်၊ နှစ်သိမ့်ဆုကို အမက(၃)ဗဟန်းတို့က ရရှိကြသည်။

ဆုရရှိသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့်ကျောင်းများမှ ကျောင်းသား မိဘများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု အခွင့်အလမ်းများဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H.E. Mr. Phinij Jarusombut ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိစဉ် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။**

**ဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H.E. Mr. Phinij Jarusombut က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံက အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်သိဂီတင်က မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် အခွင့်အလမ်းများစာတမ်းကို ဆွေးနွေးပြီး ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝေဖြိုးက ဖက်စပ်လုပ်ငန်းများနှင့် မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများစာတမ်းကို ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ၃၇ ဦးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ် ၁၅ ဦးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## လက်ခံတွေ့ဆုံ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**

## စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၀



# နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမေလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို၊ ကျောက်မျက်ရတနာပြတိုက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တရားဝင်ခရီးလှည့်ပတ်ရန် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံ အမတ်ကြီး မဒမ်ဖိုဘီအေဂိုမေနှင့် သံရုံးဝန်ထမ်းများ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီ ၃၅ မိနစ်တွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။**

**ရှင်းလင်းပြသ**

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက စေတီတော်မြတ်ကြီး၏ သမိုင်းနှင့် စေတီတော်မြတ်ကြီးအကြောင်း သိကောင်းစရာ ကြည်ညိုဖွယ်ရာအဖြာဖြာများကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ စေတီတော်ရင်ပြင်စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

**မွမ္မလက်ဆောင်ပေး**

ထို့နောက်ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့် အဖွဲ့ဝင်များသည် စေတီတော်အနောက်ဘက် အာရုဏ်ခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ နံ့သာများဆက်ကပ်လှူဒါန်း၍ စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ ရွှေတိဂုံစေတီတော်ပုံတော်ကို မွမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးသည် ရွှေတိဂုံစေတီတော် ရာဟုထောင့်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်ပြီး စေတီတော်မြတ်ကြီးအား ရင်ပြင်တော်အောင်မြေမှ ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်း ခေါင်းလောင်းတော်ကြီးအား ကြည့်ရှုလေ့လာကြပြီး ၁၈၇၁ ခုနှစ်တွင် မင်းတုန်းမင်းကြီး တင်လှူခဲ့သော မူလထီးတော်ဟောင်းကြီးကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး (ကျောက်မျက်)ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**



**တွေ့ဆုံနှုတ်ဆက်**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

## သာယာမည်

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**

# ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တရားဝင်ခရီး ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့် အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမေနှင့် သံရုံးမှဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လိုက်လံပို့ဆောင်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အလည်အပတ်ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ယမန်နေ့ညပိုင်းတွင် ဆီဒိုးနားဟိုတယ်၌ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး ညစာဖြင့်တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

20-2 (7).p65 1 3/29/05, 9:43 PM

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၇ ရက်က စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့်အထည်စက်ရုံ စီမံကိန်းလုပ်ငန်းတွင် ထုတ်လုပ်ရေးစက်များတပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန** |
|---|---|
| (က) ဦးဝင်းနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များ ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (ခ) ဦးမြတ်ကို | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (ဂ) ဦးဘမြင့် | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |

(သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၇ ရက်က စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့်အထည်စက်ရုံ စီမံကိန်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသည့် China National Constructional & Agricultural Machinery Import & Export Corporation (CAMC)မှ ပညာရှင်များအား စားသောက်ဖွယ်လက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)**

### ❑ နိုင်ငံတော်မှ

ထို့နောက် ရှင်းလင်းခန်းမ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူတို့က စက်ရုံ၏တည်နေရာနှင့် အကျယ်အဝန်း၊ စက်ရုံတည်ဆောက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စက်ရုံမှ အဖြူချတ်ထည်၊ ဆေးဆိုးထည်၊ ပန်းရိုက်ထည် စုစုပေါင်းကိုက် ၂၀၀၀၀ ထုတ်လုပ်နိုင်ပြီး တစ်ရက်လျှင် အထည်ချောပိတ်ကိုက် ၈၀၀ ထုတ်လုပ်နေမှု၊ ဆေးဆိုးပန်းရိုက် လုပ်ငန်းအတွက် ကုန်ကြမ်းပိတ် တစ်နေရာတည်းမှာပင် ထုတ်လုပ်နိုင်ရန် ကုန်ထုတ်လုပ်ငန်းကို တိုးမြှင့်ရန် ရက်ကန်းစင် ၂၀၀ တပ်ဆင်နေမှု၊ ဆေးဆိုးပန်းရိုက်ထည်များတိုးမြှင့်ထုတ်လုပ်ရန် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဖွံ့ဖြိုးရေးအစီအမံများဆောင်ရွက်ပေး**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသတစ်ခုချင်းအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေး၊ ဒေသ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို နိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ကြက်ဆောင်ရွက်ပေးနေကြောင်း။

ချည်မျှင်နှင့်အထည်စက်ရုံများမှာ ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံပြည်သူများလူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းမှုတို့ကို ဖန်တီးပေးနိုင်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု လက်တွေ့ အကောင်အထည်ဖော် ဖြစ်ထွန်းစေရေးနှင့် ဒေသခံ ပြည်သူများအတွက်လည်း အကျိုးကျေးဇူး ဖြစ်ထွန်းစေရအောင် လုပ်ငန်းများပြည့်မြောက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ပြောကြားသွားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆေးဆိုးပန်းရိုက်အလုပ်ရုံသို့ သွားရောက်ကြပြီး ရက်ကန်းကုန်ကြမ်းများ၊ ပန်းရိုက်အထည်များ၊ ဆေးဆိုးအထည်များနှင့် ရက်ကန်းစက်များ တပ်ဆင်နေမှု၊ စမ်းသပ်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နံနက်ပိုင်းတွင် စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မလှိုင်မြို့နယ် ပန်းအိုင်စံပြကျေးရွာမှ တစ်ဆင့် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့်အထည်စက်ရုံ(စီမံကိန်း) လုပ်ငန်းခွင်သို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

**ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုတင်ပြ**

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း)၏ တည်နေရာ၊ စက်ရုံ(စီမံကိန်း)တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက် ထုတ်လုပ်မှုစက်စွမ်းအား၊ အထည်အလိပ်ကဏ္ဍ တစ်မျိုးသားလုံး လိုအပ်ချက်အပေါ် ဖြည့်ဆည်းပေးနိုင်မှု အခြေအနေ၊ ရွှေတောင်ပလိပ်၊ စစ်ကိုင်းချည်မျှင်နှင့်အထည်စက်ရုံများနှင့် ပွင့်ဖြူ၊ ပခုက္ကူ၊ ဆားလင်းကြီး စက်ရုံသုံးရုံတို့မှထုတ်လုပ်နိုင်မည့်ပမာဏ အဓိကကုန်ကြမ်းလိုအပ်ချက် ချည်မျှင်ရှည်ဝါဂွမ်း လိုအပ်ချက်နှင့် တစ်ပြည်လုံးဝါစိုက်ပျိုးမှုအခြေအနေ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်ရုံများအတွက် ဝါဂွမ်းလိုအပ်ချက်နှင့် ဝါစိုက်ဧကလိုအပ်ချက် မိမိဌာနအစီအစဉ်ဖြင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးရေး ဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က အဓိကတပ်ဆင်မည့်စက်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားနှင့်ရေလိုအပ်ချက်နှင့် ဆောင်ရွက်ထားမှု၊ ပစ္စည်းများ သင်္ဘောတင်ပို့ရောက်ရှိမှုအခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းများကို သတ်မှတ်စီမံကိန်းနှင့်အညီ ဆောင်ရွက်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရေး မှာကြားသည်။

**ပညာရှင်များအားလက်ဆောင်ပေး**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က စီမံကိန်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသည့် China National Constructional & Agricultural Machinery Import & Export Corporation (CAMC)မှ ပညာရှင်များအား စားသောက်ဖွယ်လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မစက်ရုံ အဆောက်အအုံ (ရက်ကန်းဌာန)သို့ရောက်ရှိကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့်စီမံကိန်းဒါရိုက်တာ ဦးချစ်ဆွေတို့က စက်ရုံတွင် ထုတ်လုပ်ရေးစက်များတပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေမှု ကုန်ချောထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် ပတ်သက်၍ ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စက်ရုံ၏ ပင်မပုံစံငယ်၊ စက်ရုံတွင် တပ်ဆင်အသုံးပြုမည့် အလိုအလျောက် ယွန်းဖြောင့်ရက်ကန်းနှင့် ကုန်ကြမ်းသိုလှောင်ရုံ၊ ကုန်ချောသိုလှောင်ရုံ၊ စက်ပြင်အလုပ်ရုံနှင့် သင်တန်းခန်းမတည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုကြပြီး မွန်းလွဲပိုင်းတွင် စက်ရုံမှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

# စီးပွားကူးသန်း ရှေ့သို့လှမ်း



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဖေဖော်ဝါရီ ၁၈ ရက်က ပျော်ဘွယ်မြို့နယ် သာယာကုန်းကျေးရွာ ရတနာမာရ်အောင်တောရ မဟာသီရိမင်္ဂလာစကြာတိုက်ကျောင်းတွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္ဘာ့ရွှေရင်အေး ဆရာတော် ဘဒ္ဒန္တဝိစ္ဆာဗလအား ပူဇော်ကန်တော့ကြစဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာ ဝိပုလကုန်းတော်ပေါ်တွင် ရှင်အရဟံ ရဟန္တာမထေရ်မြတ် တည်ထားတော်မူခဲ့သော သိမ်တော်ကြီးစေတီတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်နှင့် အရံစေတီတော်ထီးတော်များကို စေတီတော်အား လှည့်လည်၍ ပင့်ဆောင်အပူဇော်ခံစဉ်။**

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးများ တက်ရောက်ပူဇော် ကြည်ညိုကြသည်။

မဟာမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဘဒ္ဒန္တ ဝိစ္ဆာဗလထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က စေတီတော်အားရည်မှန်း၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို လည်းကောင်း၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း ကမ္ဘာ့ရွှေရင်အေးဆရာတော်ဘဒ္ဒန္တ ဝိစ္ဆာဗလအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ကျပ်သိန်း ၂၀ လှူဒါန်း

ထို့နောက် သိမ်တော်ကြီးဘုရားနှင့် ဝိပုလသိမ်တော်ကြီးအတွက် ချမ်းမြေ့တော်ဝင်ကုမ္ပဏီဉက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်ကိုနှင့် ဇနီးတို့က ငွေပဒေသာပင်အလှူ ငွေကျပ် သိန်း ၂၀ ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံသည်။

ဆက်လက်၍ ကမ္ဘာ့ရွှေရင်အေး ဆရာတော်ဘဒ္ဒန္တ ဝိစ္ဆာဗလက အနုမောဒနာ တရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## ပင့်ဆောင်အပူဇော်ခံ

ယင်းနောက် စေတီတော်အား ရွှေထီးတော်တင်လှူပူဇော်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ သာသနအလံကိုင်အဖွဲ့ ဦးဆောင်၍ ဒေဝါဝင်း၊ ရာဇာဝင်းခင်းပြီးနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော် ထီးတော်ဘုံဆင့်များနှင့် အရံစေတီတော်ထီးတော်များကို မင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်ပြီး စေတီတော်အား လှည့်လည်၍ အပူဇော်ခံသည်။

## စေတီတော်အထွတ်သို့ပင့်ဆောင်

အစီအစဉ်အရနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည်စိန်ဖူးတော်၊ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို တ်ကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး ဆက်လက်၍ စေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် မန္တလေးသိန်းဇော်နှင့် အဆိုကျော်များက အောင်မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ မင်္ဂလာရတုပိုဒ်စုံဖြင့် သီဆိုပူဇော်သည်။

## ရောင်တော်ဖွင့်ပူဇော်

ယင်းနောက် ဥပါသကာများက စေတီတော်အား ရွှေထီးတော်ဘုံဆင့်များကို တင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်ငြမ်းအထက်သို့ တက်ရောက်ပြီး သိမ်တော်ကြီးစေတီတော်အား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်သည်။ ယင်းနောက် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်သည်။

ထိုအချိန်တွင် အလှူရှင်များက အရံစေတီများကို ထီးတော်တင်လှူပူဇော်ကြသည်။

ထို့နောက် သီရိသုဓမ္မမဏိဇောတဓရ တ်ကြားဦးသန်းလှက အမျှပေးဝေသည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည်က နတ်ပို့ဂါထာကို ရွတ်ဆိုပြီး မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မဟာမင်္ဂလာအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းသည်။

## ရုပ်ပွားတော်ဖူးမြော်

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ဝိပုလမဟာသိမ်တော်ကြီးသို့ သွားရောက်၍ သိမ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် စေတီတော်ရင်ပြင်တော်ပေါ်ရှိ ဝိပုလမဟာသိမ်တော်ကြီး၏ ကြေးကမ္ပည်းအောင်၊ တံခွန်တိုင်အောင် မော်ကွန်းကမ္ပည်းကျောက်စာနှင့် မင်္ဂလာခေါင်းလောင်းတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် မင်္ဂလာခေါင်းလောင်းတော်ကိုထိုး၍ လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။

ထို့နောက်ဆရာတော်သံဃာတော်တို့က သိမ်တော်ကြီးစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြကုန်သော ဆရာတော်သံဃာတော်တို့အားနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

## ပူဇော်ကန်တော့

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပျော်ဘွယ်မြို့နယ် သာယာကုန်းကျေးရွာ ရတနာမာရ်အောင်တောရ မဟာသီရိမင်္ဂလာ စကြာတိုက်ကျောင်းသို့သွားရောက်၍ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္ဘာ့ရွှေရင်အေးဆရာတော် ဘဒ္ဒန္တဝိစ္ဆာဗလအား ပူဇော်ကန်တော့ကြသည်။

**(သတင်းစဉ်)**

# (၁၈၂)ကြိမ်မြောက် ကျပ် ၅၀ တန်အောင်ဘာလေသိန်းထီ မတ်လ ၁ ရက်တွင် တစ်ရက်တည်းအပြီးဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

(၁၈၂)ကြိမ်မြောက် ငွေကျပ် ၅၀ တန်အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို မတ် ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉ နာရီ မှစတင်၍ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

## ကုန်စင်အောင်ရောင်းချ

ငွေကျပ် ၅၀ တန်ထီ (၁၈၂)ကြိမ်မြောက်တွင် အက္ခရာ(၃၆)လုံး၊ ထီစာအုပ် ၂၉၄၅၄၄၈ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့ရသည်။

ထို့ကြောင့် ဆုတန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ် သိန်း ၃၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀ ၂၉ ဆု၊ ငွေကျပ် ၂၅ သိန်း ၁၂ ဆု၊ ငွေကျပ် ခြောက်သိန်း ၆၆၅ ဆု၊ ငွေကျပ် ငါးသိန်း နှစ်ဆု၊ ငွေကျပ် လေးသိန်း လေးဆု၊ ငွေကျပ်နှစ်သိန်း ၁၅ ဆု၊ ငွေကျပ် တစ်သိန်း ၁၇၁ ဆု၊ ငွေကျပ်ရှစ်သောင်း ၂၄ ဆု၊ ငွေကျပ်ငါးသောင်း ၁၇၁၀ ဆု၊ ငွေကျပ် လေးသောင်း ၄၆ ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၃ ဆု၊ ငွေကျပ်တစ်သောင်း ၁၇၁၀၀ ဆု စုစုပေါင်း ၂၀၁၁၂ ဆုဖြစ်သည်။

## ထုတ်ယူနိုင်

ယခု (၁၈၂)ကြိမ်မြောက် ငွေကျပ် ၅၀ တန်ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မတ် ၉ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေ ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ် လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာန၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းစီစဉ်သည့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ဓာတ်ပုံ ပြပွဲနှင့် ပညာပေးဟောပြောပွဲကို ဇန်နဝါရီ၂၁ရက်က သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ပတ်သက်၍ရှင်းလင်းဟောပြောကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သားငါးပွံ့ဖြိုး ပြည်အကျိုး

# ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ လေ့လာရေးတစ်ခေါက်

**သရဝဏ်မေ**

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့သည်မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်သောအင်အားဖြင့် ပူးပေါင်းလက်တွဲမှုကြောင့် ဖြစ်သည်။

ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် မှီတင်းနေထိုင်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများသည် ပြည်ထောင်စု အနှံ့အပြားတွင် အတူရောယှက်လက်တွဲနေထိုင်လျက် ရှိကြသည်။ သို့တိုင်အောင် သွေးချင်းသားချင်း တိုင်းရင်းသားအားလုံးတို့၏ နေထိုင်စားသောက်ပုံ ဓလေ့၊ ထုံးတမ်းစဉ်လာများကို လူတိုင်းမသိနိုင်ကြပေ။ ယခုတော့ ထိုလိုအပ်ချက်ကို တစ်နေရာတည်းမှာ တစုတဝေးတည်း သိနိုင်၊ မြင်နိုင်၊ ကျွမ်းဝင်နိုင်ပေပြီ။ ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ်၌ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို အခိုင်အမာ တည်ဆောက်ဖွင့်လှစ်ထားပြီး ဖြစ်သည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၃၁ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အမျိုးသမီးရေးရာ ငယ်ရွယ်လုပ်ငန်းအဖွဲ့၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့၏ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်စုစုပေါင်း ၂၀ ခန့်သည် တိုင်းရင်းသားကျေးရွာ အဝင်ဝမုခ်ဦးဘေးရှိ ပင်မခန်းမဆောင်တွင် စုဝေးရောက်ရှိခဲ့ကြသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင် ဦးဆောင်သော မရမ်းကုန်းမြို့နယ် မလိခ အမျိုးသမီးသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်လှိုင်နှင့် ကျောင်းသူကလေး ၂၀ ကျော် ရောက်ရှိလာကြသည်။ ထိုတစ်နေ့တာအတွက် ကလေးငယ်များ၏ စားသောက်ရေးကို အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်း တာဝန်ယူကာ လေ့လာရေးခရီး ခေါ်ဆောင်ခဲ့ခြင်းပင်ဖြစ်သည်။

အဝင်ဝ မုခ်ဦးကြီးက ခံ့ညားသလို ၁၁၉ ပေမြင့်သော နန်းမြင့်မျှော်စင်ကြီးကို မြင်ရသည်နှင့် မြန်မာတို့၏ ဇာတိသွေး ဇာတိမာန်ကို နိုးကြားတက်ကြွစေပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သူများ၏ ကျေးဇူးတရားကို အောက်မေ့စရာဖြစ်နေသည်။ ထို့မှတစ်ဆင့် မွန်ရိုးရာအိမ်သို့လည်း ရောက်ရှိလေ့လာကြသည်။သံကိုမသုံး၊သစ်ဖြင့်သာဆောက်ထားပြီး နွားလှည်း၊ရက်ကန်းစင်တို့ဖြင့် မွန်ရိုးရာအိမ်ကလေးကလည်း နေချင့်စဖွယ်။

ဧည့်သည်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းအောင်နှင့်အဖွဲ့က ကြိုဆိုကာ ခန်းမကြီးထဲတွင် နေရာ ထိုင်ခင်းများ ချထားပေးသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် ၁၉၉၆ ခုနှစ်၌ စီမံကိန်းစတင်ချမှတ်ကာ နိုင်ငံသမိုင်း အစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ပြသရန်ရည်ရွယ်၍ မြေဧက ၁၁၀အကျယ်အဝန်းရှိ ပဲခူးမြစ်ရေ ဆားငန်ရေဝင်ဒေသကို တမံတုတ်၍ ဤတိုင်းရင်းသားကျေးရွာကြီးကို တည်ထောင်ခဲ့ကြောင်း၊ ဒေသအငွေ့အသက်၊ အထိမ်းအမှတ်များ၊ ဒေသပေါက်ချယ်ရီ၊ တောင်ဇလပ်၊ လက်ဖက်၊ ဒူးရင်း၊ ရော်ဘာစသည့် သစ်ပင်များမှအစ ရှာဖွေစိုက်ပျိုးတည်ထောင်ခဲ့ကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းရင်းသားကျေးရွာကြီး တည်ဆောက်ခဲ့မှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ အနုပညာအဖွဲ့မှ လူငယ်ဆိုင်းဆရာ မောင်ဘိုရှိုင်းက မြန်မာ့ဆိုင်းဖြင့် စတင်ဖျော်ဖြေသည်။ ထို့နောက် တိုင်းရင်းသူကလေးများက ပြည်ထောင်စုတိုင်းရင်းသားသီချင်း၊ နန်းကြာညိုကြော့ယိမ်း၊ ကရင်တိုင်းရင်းသားကလေးနှင့် ချင်းတိုင်းရင်းသားကလေးတို့၏ သူငယ်တော် ရုပ်သေးအက၊ ရှမ်းရိုးရာယိမ်း၊ ကရင်ဒုံးယိမ်းတို့ဖြင့် ကပြဖျော်ဖြေပြီး ဧည့်သည် မလိခသင်တန်းကျောင်းသူသမီးငယ်ကလေးတို့က အပျိုစင်လေးပါးယိမ်းနှင့် တို့ယိမ်းပထမအကတို့ဖြင့် ပြန်လည်ဖျော်ဖြေခဲ့ကြသည်။ အပြီးသတ် ဖျော်ဖြေသည့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ အနုပညာအဖွဲ့မှ ကလေးငယ်များ၏ အိုးစည်အက ကလည်း သွက်လက်ညက်ညောစွာဖြင့် အားပေးကြသူတို့၏ လက်ခုပ်သံမစဲခဲ့။

ထို့နောက် ရွာပတ်ယာဉ်ငယ်များဖြင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

နန်းမြင့်မျှော်စင်ကို အရင်ဆုံးရောက်ရှိလေ့လာကြသည်။ ထို့မှတစ်ဆင့် ခြံဝင်းအတွင်းသီရိဝဇ္ဇအမှတ်အသားဖြင့် စိုက်ထူထားသော ရခိုင်ရိုးရာအိမ်သို့ ရောက်ခဲ့သည်။ အိမ်အောက်မှာ ဒေသထွက်ကုန်များ၊ လုံချည်များ၊ ခရုပုတီးများဖြင့် ဆိုင်ကလေးကအသင့်။ မြောက်ဦးဒေသမှ တန်ခိုးကြီးရှေးဟောင်းပုထိုးများ အထိမ်းအမှတ် ထုကွန်သိမ်ကိုလည်း အနီးအနားမှာပင် ဖူးတွေ့ရသည်။ ထိုမှ ဆက်သွားလျှင် ဗမာရိုးရာအိမ်ကို တွေ့ရသည်။ အိမ်အောက်တွင် ရက်ကန်းစင်၊ဝင်းအတွင်းမှာ နွားတင်းကုပ်၊ စပါးကျီ၊ ဆီကြိတ်ဆုံ၊ စပါးကြိတ်ဆုံ၊ ရေချိုးစင်၊ အိမ်သာတို့ အစီအရီရှိပြီး အိမ်အတက်တွင် ဆင်ရှင်ခေါ်ဆင်ဝင် (ရှေးကဆင်ဖြင့်အိမ်သို့ လာသူများ ဆင်ကျောပေါ်မှ အသင့်လှမ်းတက်ရုံနှင့် အိမ်ကပြင်ကျယ်ပေါ် ရောက်သွားကာ ဧည့်ခန်းဆောင်သို့ လျှောက်သွားနိုင်သည်။) အိမ်လှေကားအတက်တွင် သောက်ရေအိုးစင်၊ အိမ်ဦးခန်းတွင် ဘုရားစင်၊ မိဘအိပ်ခန်း၊ သားသမီးအိပ်ခန်း၊ ကပြင်ကျယ်တစ်ဖက်မှာ မီးဖိုခန်းတို့ကို တွေ့ရသည်။

ဖားစည်ကြီးကို အထိမ်းအမှတ်ပြုကာ ဖွဲ့ကပင်တောင်နားက ကရင်ရိုးရာအိမ်သို့လည်း ရောက်ခဲ့သည်။ အဖွဲ့ဝင်များက ဒေသထွက်ကုန် ဆိုင်ကလေးများတွင် ဝယ်ယူအားပေးကြသည်။

အိမ်ရှေ့မှ အောက်ချင်းငှက် အထိမ်းအမှတ်နှင့် ချင်းရိုးရာအိမ်သည် မြေစိုက်အိမ်ကြီးဖြစ်သည်။ အိမ်အဝင်တံခါး အထက်မှာ ပြောင်ခေါင်းကြီးကို တွေ့ရပြီး လူပျိုဆောင်ကို တစ်သီးတခြား တွေ့ရသည်။ ပန်းပဲဖိုလည်း ရှိသည်။

ထိုမှတစ်ဆင့် ရွာပတ်ယာဉ်ငယ်ဖြင့် ခရီးဆက်ခဲ့ကြရာ ခါကာဘိုရာဇီ ရေခဲတောင်ကြီးနောက်ခံနှင့် အိမ်ရှေ့မှာ မနောတိုင်တို့ စီရီလျက် ကချင်ရိုးရာအိမ်ကိုတွေ့ရသည်။ လှေကားတစ်စင်းသည် ချွေးမတစ်ယောက်ရှိခြင်း အထိမ်းအမှတ်ဟု ဆိုပါသည်။ ခြံဝင်းအတွင်းမှာ ဆေးဖက်ဝင် 'မရှော့ပင်' ကို တွေ့ရသည်။ 'ရေမောင်း' ဖြင့် ဆန်ထောင်းသည်က စိတ်ကူးကောင်းလှသည်။

ကချင်ရိုးရာအိမ်မှ သမီးငယ်တို့ကို နှုတ်ဆက်၍ ရွာပတ်ယာဉ်ငယ်ကလေးက ကွေ့မောင်းလာသည်။ သစ်ခွဥယျာဉ်နှင့် နှင်းဆီခြံကို ကျော်လွန်ကာ အင်းလေးကန်သာယာအလှဖြင့် ရှမ်းရိုးရာအိမ်ကလေးသို့ ရောက်ရှိခဲ့သည်။ ပင်မှည့်ပင်တို့က အရွက်များဝေလျက်ရှိသည်။ အင်းလေးကန်ကို ဖြတ်လာသည့် လေက တဖြူးဖြူးနှင့် အေးမြနေသည်။ ထို့နောက် တောင်ကွဲစေတီနားက ကယားရိုးရာအိမ်ကိုလည်း ဝင်ရောက်လေ့လာခဲ့ကြသည်။

တိုင်းရင်းသားရိုးရာအိမ်များသို့ လှည့်လည်လေ့လာပြီးသောအခါ ပဲခူးမြစ်ရေကို တမံတုတ်ရာနေရာတွင် သဘာဝဒီရေတော(လမုတော) ကိုတွေ့ရသည်။ ဒီရေတောကို ဦးပိန်တံတားအသေးစားကလေးက ဖြတ်သန်းကာ မြစ်ကမ်းသို့ ဆင်းသွားသည်။ လမုတောသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အလွန်အရေးကြီးသည်ကိုလည်း သတိထားမိကြသည်။ မိကျောင်းမွေးမြူရေးကန်ကိုလည်း တွေ့ရသည်။ အင်းလေးကန်တွင်ရှားပါးသောငန်းနက်များကို မွေးထားသည်။ ရှမ်းတိုင်းရင်းသားကလေးတစ်ယောက်က ခြေဖြင့်လှေလှော်ခတ်နေသည်။ ပဲခူးမြစ်ရေကို ရေချိုကန်များတွင် လှောင်၍ သစ်ပင်စိုက်ကြသည်။

မကြာခင် စားရိပ်သာသို့ ရောက်ကြသည်။ စားရိပ်သာတွင် သမီးငယ်ကလေးများလည်း စားသောက်နေကြသည်။ အမျိုးသမီးရေးရာ အဖွဲ့ဝင်များလည်း ခေတ္တအနားယူကြသည်။ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာမှ ဦးစီးအရာရှိ ဒေါ်နီလာခင်က စားသောက်ဆိုင်တာဝန်ခံများနှင့်အတူ မမောမပန်းဧည့်ခံသည်။

ထို့နောက် သမီးငယ်ကလေးများကို သွား၍နှုတ်ဆက်ကြသည်။ သူတို့အားလုံး ပျော်နေကြသည်။ စာကြိုးစားကြဖို့၊ လိမ္မာကြဖို့ ဒေါ်ဒေါ်များက မှာကြားကြသည်။ အမျိုးသမီးရေးရာအဖွဲ့ဝင်များ လက်ဆောင်ပေးထားသော ဦးထုပ်ကလေးတွေ ကိုယ်စီနှင့်။

ဤလေ့လာရေးခရီးသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့များ၏ ပွဲဦးထွက်လေ့လာရေးခရီးဖြစ်ပြီး ကြည်နူးအားရဖွယ် ခရီးတစ်ခုပင် ဖြစ်ပေသည်ဟုဆိုချင်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၂၀-၂-၂၀၀၄
(သောကြာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅ ၆။ အရေးပြိုင်ပွဲ
၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၂၅ ၈။ ဗိုက္ကရဲရေထိန်းတံခါး
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English for Everyday Use
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises For Correct Pronunciation
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၇:၂၅ ၇။ နည်းစနစ်မှန်မှန်အားကစား အခြေခံ
၁၇:၃၅ ၈။ တေးသရုပ်ဖော်အစီအစဉ်
၁၇:၄၅ ၉။ ဆင်ဖြူရှင်တံတား
၁၈:၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
၁၈:၁၅ ၁၁။ Discovery
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ Milo Success in Soccer
၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၂၀)
၁၉:၄၀ ၁၆။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"ခင်ပွန်း" (အပိုင်း-၁)** (ကျော်ဟိန်း၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။



ဖေဖော်ဝါရီ ၆ ရက်က လှိုင်သာယာမြို့နယ် ကျက်သရေဆောင် ဆုတောင်းပြည့် အောင်မြေသာယာ ရွှေစေတီ ဗုဒ္ဓပူဇနီယ ပွဲတော်တွင် ဆွမ်းဆန်စိမ်း လောင်း လှူပွဲ ကျင်းပစဉ်။

(က-ပ)

## တောင်တွင်းကြီးမြို့နယ်အသင်း ချီးကျူးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသည့် တောင်တွင်းကြီးမြို့ ရတနာပင်စည်ဘုရားကြီး တပ်ဦးကျောင်း (ပင်စည်မိုးကောင်းရိပ်သာ) ဆရာတော် ဘဒ္ဒန္တ ကောသလ္လအား တောင်တွင်းကြီးမြို့နယ် ရန်ကုန်က ထပ်ဆင့်ချီးကျူးပူဇော်ပွဲကို မတ် ၆ ရက်(တပေါင်းလပြည့်ကျော် ၁ ရက်) စနေနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ် စာရင်းစစ် ဓမ္မာရုံ၌ ထပ်ဆင့်ချီးကျူးပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ မြို့နယ်သူမြို့နယ်သားများ ကြွရောက် ကြည်ညိုကြရန်နှင့် လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) ဖုန်း-၆၉၉၆၀၂၊ ဒုဥက္ကဋ္ဌ(၁)ဦးကျော်စိုး ဖုန်း-၆၅၁၉၄၃၊ အတွင်းရေးမှူး ဦးဘိုကြည် ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ (ရုံးချိန်) နှင့် အမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)



ဖေဖော်ဝါရီ ၁၈ ရက်က တာမွေမြို့နယ် ကျောင်းကျန်းမာရေးစံပြဆုချီးမြှင့်ပွဲကို အထက (၄) မြတ်ပန်းသဇင် ခန်းမတွင် ကျင်းပရာ ကျောင်းကျန်းမာရေး စံပြဘက်စုံ မူလတန်းအဆင့် ပထမဆုရ အမက (၂၆)ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ကြည်အား ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ကျောင်းကျန်းမာရေး) ဒေါက်တာ ဒေါ်သက်သက်ဇင်က ဆုချီးမြှင့်စဉ်။ (က-ပ)




နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် ပြင်စလူတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဘိုကလေးနှင့်မြောင်းမြမြို့နယ် ဖွံ့ဖြိုးမှုလုပ်ငန်းများစစ်ဆေး ဒေသခံပြည်သူများ နိုင်ငံတော်လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြရန် မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာတွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ရေယာဉ်ဖြင့်ထွက်ခွာလာကြရာ ဘိုကလေးမြို့နယ် ဧရာကျေးရွာသို့ ရောက်ရှိကြသည်။**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဧရာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုကွာဟမှု နည်းနိုင်သမျှနည်းပါးစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ချမှတ်ကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ လုပ်ငန်းများတွင် ပါဝင်ကူညီပြီး ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ထို့ပြင် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီးဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးရွာသောက်သုံးရေ ရှားပါးမှုမရှိစေရန်အတွက် ကျေးရွာသုံးသောက်ရေကန်များအား စနစ်တကျ ခြံစည်းရိုးကာရန်နှင့် သန့်ရှင်းအောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဧရာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကိုယ့်အားကိုယ်ကိုး တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိကြသည်။ ထို့နောက် ပြင်စလူအခြေခံပညာ အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးထူထောင်ရန် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးကောင်းမွန်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့သည် မရှိမဖြစ်လိုအပ်ကြောင်း၊ အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရန်အတွက် ဒေသခံပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ထွက်ပေါ်လာရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က အထူးဖွံ့ဖြိုးရေးဇုန်ကြီး ၂၄ဇုန်ကို သတ်မှတ်၍ ဇုန်တိုင်းတွင် တက္ကသိုလ်နှင့် ဆေးရုံကြီးများ တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ စီးပွားရေးကောင်းမွန်ရန်အတွက်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်စီမံဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အများစုဖြစ်သော ကျေးလက်နေပြည်သူများ လူနေမှုအဆင့် တိုးတက်လာစေရန်အတွက် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တာဝန်ရှိသူများကလည်း အောက်ခြေကျေးလက်ဒေသများသို့ ကွင်းဆင်း၍ ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးရမှာဖြစ်သကဲ့သို့ ပြည်သူများကလည်း ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့်အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြင်စလူ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး အမျိုးသမီး၊အမျိုးသားလူနာဆောင်များ၊ ဆေးသိုလှောင်သည့် နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လူနာများကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပြင်စလူ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ဆေးရုံကြီးကြပ်ရေးကော်မတီဝင်ဦးရွှေထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးကောင်းမြို့နယ်လွယ်လီယံတံတားနှင့် မိုးညှင်းတံတားဖွင့်ပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီး–တနိုင်းလမ်းပေါ်ရှိ လွယ်လီယံတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က အဆိုပါတံတားမုခ်ဦး၌ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ တံတားဖွင့်ပွဲကျင်းပမည့် မင်္ဂလာမုခ်ဦး၌ နေရာယူကြပြီး မင်္ဂလာအချိန် ၈ နာရီ ၁၀ မိနစ်တွင် ဖဲကြိုးဖြတ်ပြီးဖွင့်လှစ်ပေးကြသည်။

ထို့နောက် လွယ်လီယံတံတား၏ မှတ်တမ်းကျောက်စာတိုင်ကို ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လွယ်လီယံတံတားသည် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် တည်ရှိပြီး ကချင်ပြည်နယ်၏ မဟာဗျူဟာလမ်းမကြီးဖြစ်သည့် မြစ်ကြီးနား–တနိုင်း–ဝန်ဆောက်လိဒိုလမ်းအတွက် ရာသီမရွေး သွားလာနိုင်ရေးတွင် အရေးကြီးသည့်တံတားတစ်စင်းဖြစ်သည်။ ယင်းတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတား အထူးအဖွဲ့(၁၅)မှ တာဝန်ယူပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။တံတားအရှည်မှာ ၁၃၇ ဒသမ ၆ ပေဖြစ်ပြီး ယာဉ်သွားလမ်းအကျယ်မှာ ၁၀ ဒသမ ၆ ပေနှင့် ခွင့်ပြုတန်ချိန် တန် ၃၀ ဖြစ်သည်။ တံတားအုတ်မြစ်ကို သံကူကွန်ကရစ်ရေတွင်းခွေများဖြင့် ဆောက်လုပ်ထားပြီး ပင်မတံတားမှာ H-20 အမျိုးအစား သံမဏိသံပေါင်ဖြစ်သည်။

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ရွှေဘို–မြစ်ကြီးနားလမ်း ကချင်ပြည်နယ် မိုးညှင်းမြို့ နန့်ရင်းချောင်းကိုဖြတ်ပြီး တည်ဆောက်ထားသည့် မိုးညှင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို–မြစ်ကြီးနားလမ်းပေါ်ရှိ မိုးညှင်းတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်မွန်းလွဲ ၁နာရီ ၁၀မိနစ်တွင် အဆိုပါတံတားထိပ်ရှိ မင်္ဂလာဗဟိုမဏ္ဍပ်၌ကျင်းပသည်။အခမ်းအနားတွင် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမြောက်ပိုင်းတိုင်း






စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ကနှုတ်ခွန်းဆက် အမှာစကားပြောကြားကြသည်။ ထို့နောက် ကချင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ် မောင်မောင်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ဧည့်သည်တော်များသည် တံတားဖွင့်ပွဲ အခမ်းအနားကျင်းပမည့် မင်္ဂလာမုခ်ဦးသို့ သွားရောက်

**ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ရွှေဘို–မြစ်ကြီးနားလမ်းပေါ်ရှိ မိုးညှင်းတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

**(ဆောက်လုပ်ရေး)**

နေရာယူကြပြီးမင်္ဂလာအချိန်ရောက်သည်နှင့်ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ မိုးညှင်းတံတားကို ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တံတား၏မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက်တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် တံတားပေါ်ဖြတ်သန်း ကြည့်ရှုကြသည်။

အဆိုပါမိုးညှင်းတံတားသည် ရွှေဘို–မြစ်ကြီးနားလမ်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင်ရှိသည့် နန့်ရင်းချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်သည်။ ကချင်ပြည်နယ်နှင့် ပြည်မကိုဆက်သွယ်သည့် လမ်းပေါ်တွင်တည်ရှိပြီး အဓိကအရေးကြီးသည့် တံတားဖြစ်သည်။ ယင်းတံတားကို တံတားအထူးအဖွဲ့ တာဝန်ယူတည်ဆောက်ခဲ့ပြီး တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ် သံကူကွန်ကရစ်ရေတွင်းခွေ၊ အပေါ်ထည်ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်ဖြစ်ပြီးပင်မတံတားမှာ CH အမျိုးအစား သံမဏိသံပေါင်ဖြစ်သည်။ တံတားအရှည်မှာ ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၆ပေ၊ လူသွားလမ်းတစ်ဖက် ၈ပေစီရှိပြီး ရေလမ်းကင်းလွတ် အကျယ်ပေ ၁၁၀၊ ခံနိုင်ဝန်အားတန် ၃၀ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**မိုးကောင်းမြို့နယ် နမ္မတီး–တနိုင်းလမ်းပေါ်ရှိ လွယ်လီယံတံတားကို တွေ့မြင်ရစဉ်။** **(ဆောက်လုပ်ရေး)**





## တောင်ဥက္ကလာပမြို့နယ် မာဃဓမ္မာရုံတော်ကြီး နှစ်ထပ်ယောဂီဆောင်အတွက် ငွေလှူ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃလမ်းရှိ မာဃဓမ္မာရုံတော်ကြီးဝင်းအတွင်းတွင် အလျားပေ ၆၀၊ အနံပေ ၃၀ နှစ်ထပ်ယောဂီဆောင် တည်ဆောက်လျက်ရှိရာ အမြန်ပြီးမြောက်နိုင်ရန်အတွက် စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ အလှူရှင်များကိုယ်စား ဓမ္မာရုံတော်ကြီး နာယက ဦးအောင်ကြိုင်က စုစုပေါင်းအလှူငွေကျပ် ၁၅၁၈၃၆၀ အား ပေးအပ်လှူဒါန်းရာ ဓမ္မာရုံတော်ကြီး၏နာယက ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သာထွန်းနှင့်အဖွဲ့က လက်ခံရယူသည်။ **(အပေါ်ပုံ)**

**အလှူငွေပေးအပ်**

ဆက်လက်၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဦးအောင်ကြိုင်-ဒေါ်အုန်းမြင့် (မြသုံးလုံး ဒန်အိုးစက်) မာဃ ၁၃လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာ၊ ဦးရဲညွန့်-ဒေါ်ထွေးရီ မိသားစု မာဃ ၁၄လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာပ မြို့နယ်တို့က အလှူငွေကျပ် တစ်သိန်းစီ၊ ဒေါ်နုနုထွေး မိသားစု မာဃ ၁၁လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာ၊ဒေါ်သန်းသန်းမိသားစု မာဃ ၁၀လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာ၊ ဦးသက်လွင်-ဒေါ်သီတာအေးမိသားစု မာဃ ၇လမ်း ၁၂ရပ်ကွက် တောင်ဥက္ကလာ၊ ဒေါ်သန်းမြမိသားစု သီရိရတနာလမ်း(၁၂)ရပ်ကွက် တောင်ဥက္ကလာတို့မှ အလှူငွေကျပ် ငါးသောင်းစီ၊ ဒေါ်ရီရီမြင့် မိသားစု မာဃလမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာ၊ ဦးကျော်ဒင်- ဆရာမဒေါ်ခင်စုမိသားစု (၁၂)ရပ်ကွက် တောင်ဥက္ကလာတို့မှ ငွေကျပ်သုံးသောင်းစီ အပါအဝင် အလှူရှင်စုစုပေါင်း ၈၁ဦးက လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

## ဘုရားဖြူ ဓမ္မသဘင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော (၇၂)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲဆုနှင်းသဘင် အကြိုတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၂၁ ရက် (စနေနေ့)တွင် ဓမ္မစေတီ ဦးကောသလ္လ၊ ၂၂ရက် (တနင်္ဂနွေနေ့)တွင် ရွှေမြိုင်ဦးသြဘာသ၊ ၂၈ရက်(စနေနေ့)တွင် အရှင်စက္ကိန္ဒ (ဟင်္သာတ)၊ ၂၉ ရက်(တနင်္ဂနွေနေ့)တွင် မင်းကွန်း ဦးဓမ္မသာရ(ရေမီး၊ ဆွမ်း၊ ဆေး)၊ မတ် ၂ရက်(အင်္ဂါနေ့) ချောင်းဦးအရှင်ဓမ္မရက္ခိတ(ထောက်ကြန့်)တို့က ပုဇွန်တောင် မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း ညစဉ် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## မရမ်းကုန်းမြို့နယ်စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ အမှတ် (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကို အမှတ်(၁)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် ကျန်စစ်သာလမ်းထောင့်၌ ဖေဖော်ဝါရီ၁၃ရက်ညနေ၆နာရီက ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ဥက္ကဋ္ဌဦးလှမြိုင် (ကိုဆောင်း)ပေးပို့သော ၁၃၆၅ခုနှစ်စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းသိန်း (မျိုးမင်းသိန်း-ရွှေမြိုင်)က ဖတ်ကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) အလုပ်အမှုဆောင်ဦးခင်ရွှေ(ရွှေစွန်ညို)၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးခင်လှိုင် (ချစ်မိုးညို)၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးဌေးဝင်းတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ရွှေသဉ္ဇာ၊ မြင်းမူမောင်နိုင်မိုး၊ လယ်တွင်းသား စောချစ်တို့က လည်းကောင်း၊ ဖေဖော် ဝါရီ ၁၄ ရက်ညတွင် မောင်စိန်ဝင်း(ပုတီးကုန်း)၊ သန်လျင်မောင်မောင်ဦး၊ ဆရာချစ်ဦးညိုတို့က လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။ (၄၂၁)



## ဆုချီးမြှင့်

**သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ဒုတိယတန်းတွင် တန်းချုပ် ပထမဆုရ မမြတ်စန္ဒာဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က ဆုချီးမြှင့်စဉ်။**

(က-ပ)

## ဗိုလ်တထောင်ရောင်တော်ဖွင့်အသင်း ညစဉ်တရားပွဲများ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ရောင်တော်ဖွင့်အသင်းမှ တောင်ဘက်တိုးချဲ့ ရင်ပြင် ဓမ္မသဘင်၌ ညစဉ် တရားပွဲများကျင်းပမည်ဖြစ်ရာ ဘဒ္ဒန္တကောဝိဒ (Ph.D) (မစ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက) ဖေဖော်ဝါရီ ၂၀ရက် (သောကြာနေ့)၊ ဓမ္မဒူတအရှင်ဆေကိန္ဒ(သာသနဓဇ သဒ္ဓမ္မနေပုည၊ သာသနဇောတိပါလ ဓမ္မာစရိယ) ၂၁ရက် (စနေနေ့)၊ အရှင်ဣန္ဒာစရိယ (သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်) ၂၂ရက်(တနင်္ဂနွေနေ့)၊ အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြာတစ်ပွင့်) မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ပိဋကတ်တစ်ပုံ ခွဲဆောင် ၂၃ရက် (တနင်္လာနေ့)၊ သီတဂူ အရှင်ဉာဏိဿရ (Ph.D)(Litt) (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊စစ်ကိုင်းတောင်ရိုး)တို့က ၂၄ရက် (အင်္ဂါနေ့)ညများတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့် ဟောကြားမည်ဖြစ်၍ တရားတော်နာကြွရောက်ကြရန် ဖိတ်ကြားထားသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၂၀-၂-၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Memory 1 (ပထမနှစ်စိတ်ပညာ)
- ၅:၃၀ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"**(အပိုင်း-၉)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"**(အပိုင်း-၂၉)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

# ကိုယ်တိုင်ရေးရာဇဝင် ရုံသုံးရုံအပြိုင်တင် လူစွမ်းကောင်းစားသိုင်းဇာတ်ကား Hero နေပြည်တော်ရုံဝင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ဒါရိုက်တာ မောင်မျိုးမင်း၏ **ကိုယ်တိုင်ရေးရာဇဝင်** ဇာတ်ကားသစ်ယခု သောကြာပတ်တွင် ရုံဝင်လာသည်။ **ကိုယ်တိုင်ရေး ရာဇဝင်**တွင် အဂ္ဂအဖြစ် ဒွေး၊ အေးချမ်းအဖြစ် လွင်မိုး၊ နန္ဒာအဖြစ် နန္ဒာလှိုင်၊ လမင်းအဖြစ် ခိုင်သင်းကြည်တို့ ခေါင်းဆောင်ပါဝင်ထားပြီး ဦးလူမောင်အဖြစ် ရဲအောင်၊ ဦးကိုကိုကြီး အဖြစ် အောင်လွင်၊ ဦးဝင်းလှိုင်အဖြစ် ထွန်းထွန်းဝင်းနှင့် ဒေါ်သက်ထားအဖြစ် မေသဥ္ဇာဦးတို့ ပါဝင်ထားသည်။ အဂ္ဂနှင့် အေးချမ်းမှာ တစ်နေ့တည်းမွေးဖြစ်သော်လည်း အသွင်တူများမဟုတ်။ အချစ်ရေး၊ အိမ်ထောင်ရေးနှင့် စီးပွားရေးတွင် ပြိုင်ဘက်များဖြစ်ကြသည်။ တစ်ဦးထက်တစ်ဦးအသာစီးရရေး မာနချင်းပြိုင်ရာမှ နောက်ဆုံးတစ်နေရာတည်းမှာ တစ်ဘဝတည်းပေါင်းဆုံဆက်စပ်မိကြသည်။ ဘယ်သူမပြုမိမိမှု၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးရင်း ဘဝစာမျက်နှာတွင် ကိုယ်တိုင်ရေးရာဇဝင်ကို ခံစားချက်ကိုယ်စီဖြင့် မည်သို့ ရေးသွားကြသည်ကို သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက်ရှုစားနိုင်သည်။



ကိုယ်တိုင်ရေးရာဇဝင်မှ လွင်မိုးနှင့်ခိုင်သင်းကြည်။

## ရုပ်ရှင်သတင်းထောက်

နေပြည်တော်ရုံတွင် ဂျက်လီ ခေါင်းဆောင် ပါဝင်ထားသည့် တရုတ်စားသိုင်းဇာတ်ကား **Hero** ရုံဝင်လာသည်။ ဘီစီ ၂၂၀ခန့်က တရုတ်ပြည် ဧကရာဇ်နိုင်ငံထူထောင်ပုံများကိုနောက်ခံ ဇာတ်လမ်းပြု ရိုက်ကူးထားသော စားသိုင်းအက်ရှင်ဇာတ်ကား ဖြစ်သည်။

ငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူးသည့် **မျက်နှာများတဲ့ ကောင်းကင်** ဇာတ်ကား ရွှေဆောင်နှင့် နဝဒေးရုံတွင် ဆက်လက် ပြသလျက် ရှိသည်။ **မျက်နှာများတဲ့ ကောင်းကင်**တွင် ရန်အောင်၊ လွင်မိုး၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဒါရိုက်တာ ခင်မောင်ဦး စိုးသိမ်းထွဋ် ရိုက်ကူးသည့် **ပေါက်ပေါက် မြောက်မြောက်**ဇာတ်ကား ဝဇီရာ (၁)၊ စံပြ၊ သီတာနှင့် ရွှေမန်းရုံများတွင် ဆက်လက် ပြသနေသည်။ ဘုရင်ရုံတွင် အမီတာဘာဂျန်း၊ အနေးလ်ကပူးရ်တို့ ခေါင်းဆောင် ပါဝင်ထားသော **Armaan**အိန္ဒိယဇာတ်ကားသစ်ဆက်လက်ပြသနေသည်။ **(မြန်မာ့အလင်း)**




Hero ဇာတ်ကားမှ ဂျက်လီ။



မျက်နှာများတဲ့ကောင်းကင်မှ ရန်အောင်။

## ဝိညာဉ်ပစ်တဲ့မြား လာမည့်သောကြာရုံဝင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**ကိုလွင်(စန္ဒီးပိုက်)၏ ဝတ္ထု ဇာတ်ညွှန်းကို ဒါရိုက်တာ မောင်မောင်ဦး (စန္ဒီးပိုက်) ရိုက်ကူးသည့် ဝိညာဉ်ပစ်တဲ့မြား ဒီဗွီဒီဇာတ်ကား လာမည့်သောကြာပတ်တွင် ရုံဝင်လာမည် ဖြစ်သည်။ ဝိညာဉ်ပစ်တဲ့မြားတွင် တောင်ပေါ်သားလေး ခွန်စိုင်းအဖြစ် နိုင်းနိုင်း၊ ကော်ဖီပင်တွေ စိုက်ပြီး ယောကျာ်းစိတ်ပေါက်နေသည့် နန္ဒာမောင်အဖြစ် အိန္ဒြာကျော်ဇင်၊ နန္ဒာမောင်ချစ်မြတ်နိုးရသူလေး မေရှားအဖြစ် မိုးဟေမာန်ခင်တို့က ပါဝင်ထားသည်။**

**နွားတွေမွေးပြီး နို့ညှစ်ရောင်းတဲ့ တောင်ပေါ်သားလေး ခွန်စိုင်းကို နန္ဒာမောင် မုန်းသလောက် မေရှားကို မြတ်နိုးတွယ်တာလွန်းသည်။ ဤသို့ရှိရာမှ မေရှား ကားမှောက်ပြီး ကွယ်လွန်သွားသောအခါ ဘယ်သူ့ဝိညာဉ်က ဘယ်သူ့ကို မြားနှင့်ပစ်ခွင်းလေမလဲ ဆိုသည်ကို လာမည့် သောကြာပတ်တွင် ကြည့် ကြရမည်ဖြစ်သည်။ ။** (မြန်မာ့အလင်း)




**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ Made in India Show ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)**

# မြန်မာ–အိန္ဒိယကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ Made in India Show ကုန်စည်ပြပွဲတက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ နှစ်နိုင်ငံကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းရေး အစီအစဉ်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးနှင့် အိန္ဒိယသမ္မတနိုင်ငံမှ Confederation of Indian Industryတို့၏ ပူးပေါင်းစီစဉ်မှု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုတို့ဖြင့် ခင်းကျင်းပြသသည့်“Made in India Show”ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲ တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်သံရုံးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းကုမ္ပဏီ လီမိတက်များမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့်အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ Confederation of Indian Industry မှ ဥက္ကဋ္ဌဟောင်းဖြစ်သူ NICCO Corp ; Ltd Chairman & Managing Director, Mr. Rajive Kaul က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Rajiv Kumar Bhatia က အမှာစကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ဌာန Industrial Pdicy & Promotion ဌာန Secretary, Mr. Lakshmi Chand က ကုန်စည်ပြပွဲ ခင်းကျင်းပြသမှုနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ကုန်စည်ပြပွဲ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ Confederation of Indian Industry (CCI) National Committee မှ Chairman, Mr. Dipankar Chatterji က ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် CCI မှ တာဝန်ရှိသူများက မြန်မာ–အိန္ဒိယကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းစာအုပ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံထံ ပေးအပ်ကြသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Rajiv Kumar Bhatia တို့က ‘Made in India Show’ ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ Made in India Show ကုန်စည်ပြပွဲတွင် အိန္ဒိယနိုင်ငံမှ ကုမ္ပဏီ ၁၇ ခုတို့က သံနှင့် သံမဏိပစ္စည်းများ၊ စက်မှုထုတ်ကုန်ပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ရက်ကန်းနှင့် သားရေပစ္စည်းများ၊ ကျန်းမာရေးဝန်ဆောင်မှုပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများကို ခင်းကျင်းပြသထားပြီး U E Trade Corporation (India) Pte. Ltd မှ ပြခန်းလေးခန်းဖွင့်လှစ်၍ စီးပွားရေးလုပ်ငန်း စီမံချက်များ၊ သစ်၊ ရော်ဘာနှင့်သံမဏိ၊ ပဲနှင့် ကောက်ပဲသီးနှံပြကွက်တို့ကို ပြသထားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် Made in India Show ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို လိုက်လံ ကြည့်ရှုကြသည်။

Made in India Show ကုန်စည်ပြပွဲကို ဖေဖော်ဝါရီ ၂၂ ရက် အထိ နေ့စဉ် ပြသထားမည်ဖြစ်ပြီး အိန္ဒိယသမ္မတနိုင်ငံမှ ကုမ္ပဏီအသီးသီး၏ ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ ဈေးကွက် အတွင်းသို့ မိတ်ဆက်ရောင်းချမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက် ကြည့်ရှု လေ့လာဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

## အေသင်အိုလံပစ်ဘောလုံးခြေစစ်ပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်းအုပ်စုပွဲစဉ်ထွက်ပြီ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

၂၀၀၄ ခုနှစ် ဂရိနိုင်ငံ အေသင်မြို့၌ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် အာရှတိုက်ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရန် အုပ်စုပွဲစဉ်များ ရေးဆွဲထားပြီဖြစ်သည်။

ပြိုင်ပွဲတွင် အာရှတိုက်မှ အမျိုးသမီးဘောလုံးအသင်း ၁၁သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အုပ်စုသုံးစု ခွဲထားသည်။ အုပ်စု (က)တွင် စင်ကာပူ၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနှင့် တရုတ်(တိုင်ပေ)၊ အုပ်စု(ခ)တွင် မြန်မာ၊ တောင်ကိုရီးယား၊ တရုတ်နှင့်ဂူအမ်၊ အုပ်စု(ဂ)တွင် ဂျပန်၊ ဗီယက်နမ်နှင့် ထိုင်းတို့ ပါဝင်ကြသည်။

ခြေစစ်ပွဲစဉ်များကို ဂျပန်နိုင်ငံ၌ ဧပြီ ၁၈ ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်ရာ အုပ်စု(က)နှင့် အုပ်စု(ခ) ပွဲစဉ်များကို ဟီရိုရှီးမားမြို့၌လည်းကောင်း၊ အုပ်စု(ဂ)ပွဲစဉ်များကို တိုကျိုမြို့၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ဧပြီ ၁၈ ရက်တွင် တရုတ်အသင်းနှင့်လည်းကောင်း၊ ဧပြီ ၂၀ ရက်တွင် တောင်ကိုရီးယားအသင်းနှင့်လည်းကောင်း၊ ဧပြီ ၂၂ ရက်တွင် ဂူအမ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာရှတိုက်မှ လေးသင်းသည် အေသင်အိုလံပစ်၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ရာ အုပ်စုတစ်စုစီမှ အုပ်စုပထမရရှိသော သုံးသင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယတစ်သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**(မြန်မာ့အလင်း)**



## မြို့တော်စည်ပင်သာယာအတွင်းရေးမှူး လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်သည် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေး လိုက်ပါလျက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၀၄ ခုနှစ်အား (လမ်းများနှစ်) သတ်မှတ်ကာ လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်က လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်ရှေ့ရှိ မင်းရဲကျော်စွာလမ်းသားအား မြှင့်တင်၍ ကတ္တရာထပ်မံခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ရာဇာဓိရာဇ်လမ်း၊ ကျန်စစ်သားလမ်းများကတ္တရာလမ်းသားခင်းနေမှုကိုကြည့်ရှုစစ်ဆေးပြီးနောက် ရွာသာကြီးကျောက်ခွဲစက်တွင် ကျောက်အရွယ်အစားအမျိုးမျိုးကြိတ်ခွဲနေမှုများကိုပါစစ်ဆေးကြည့်ရှုသွားသည်။ **(၂၁၀)**

## ကျောင်းသားလူငယ်လက်ရည်ပန်းချီပြပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

Sun Flower Kids ပန်းချီပြပွဲ ကျောင်းပေါင်းစုံ ကျောင်းသားလူငယ်အချို့တို့၏ ရေဆေး၊ ပါစတယ်၊ အင်စတော်လေးရှင်း၊ ကော်လာ့ဂျ် စသည့် ပန်းချီကားမျိုးစုံ ကားအချပ်ပေါင်း ၄၀၀ ဖြင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများကြီးကြပ်ရေးမှ စစ်ဆေးကြည့်ရှုပြီးဖွင့်လှစ်ပေးသည်။

ပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက်အထိ တစ်ပတ်ကြာ ပြသလျက်ရှိရာ Insight Art Gallery ရွှေဂုံတိုင်လမ်းမကြီး(အလယ်)၊ ဗဟန်းမြို့နယ်၊ ဗာဒံပင်မှတ်တိုင်တွင် လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ဆဲဗင်းဒေးနယူးစ်အတွဲ(၂)၊အမှတ်(၄၈)ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

အထပ်မြင့်အဆောက်အအုံကြီးကြပ်စစ်ဆေးရေးအဖွဲ့က စစ်ဆေး အတည်ပြုပြီးမှသာ တည်ဆောက်ခွင့်များ ထုတ်ပေးမည်၊ ရန်ကုန်တွင် အထပ်မြင့်အဆောက်အအုံများကို စစ်ဆေးမှုများစတင်၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းစူးစမ်းလေ့လာရေး အိန္ဒိယအစိုးရက ရန်ပုံငွေမတည်ရန် ကမ်းလှမ်းခဲ့၊ ယခုနှစ်နွေရာသီပုံမှန်သာပူမည်စသည့် ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့် ထွက်ရှိသည်။ **(ယာပုံ)** **(က–ပ)**






**မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာအုပ်ချုပ်မှုကော်မတီရုံးရှေ့၌ စိုက်ထူထားသည့် မှုခင်းကြိုတင်ကာကွယ်ရေး ဝိုင်းဝန်းကူညီပူးပေါင်းပေးပညာပေးဆိုင်းဘုတ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်ကပြုလုပ်ရာ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းငွေနှင့် ယုဇနပလာဇာအုပ်ချုပ်ရေးမှူး ဦးအေးသွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ဝ၅၄)**



## (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြု လယ်ပြင်ကျေးရွာ ရေပေးရေးဖွင့်ပွဲကျင်းပ

**ဖားကန့် ဖေဖော်ဝါရီ ၁၃**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာ ရေပေးရေးဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀နာရီခွဲတွင် လယ်ပြင်ကျေးရွာ ရေတွင်းအနီး၌ ကျင်းပရာ ဗိုလ်မှူးကြီးတင်ရှိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကျော်ဇေယျတို့က ရေပိုက်ခေါင်းများဖွင့်၍ ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

အဆိုပါ ရေပေးရေးလုပ်ငန်းကို မြို့နယ်စည်ပင်နှင့် လယ်ပြင်ကျေးရွာပြည်သူတို့ ပူးပေါင်း၍ ငွေကျပ် ကိုးသိန်းကျော်အကုန်အကျခံ ဆောင်ရွက်ပြီး လယ်ပြင်ကျေးရွာတွင်းရှိ အိမ်ခြေ ၄၅အိမ်အား သန့်ရှင်းသော သောက်သုံးရေ နေ့စဉ်ဂါလန် ၅၀၀၀ဖြန့်ဝေပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

**ပခုက္ကူ ဖေဖော်ဝါရီ ၁၅**

ပခုက္ကူမြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး ဇန်နဝါရီ ၂၉ရက်က ပခုက္ကူမြို့ မြို့မဈေးကြီး၌ မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြသည်။

လုပ်ငန်းဆောင်ရွက်ရာသို့မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သိန်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၉)ရပ်ကွက်တို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမောင်မောင်ညွန့်နှင့် ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ကြကြောင်းသိရသည်။

**(၄၁၃)**

## ပညာရေးဆောင်ပုဒ်နှင့်သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းဖွင့်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၈**

ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဆောင်ပုဒ်ဖွင့်ပွဲနှင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းဖွင့်ပွဲ သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ပြင်ဦးလွင်မြို့နယ် ကျားတွင်းရေကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ ဆောင်ပုဒ်ကို ကျောင်းသား ကျောင်းသူများက ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအေးက အမှာစကား ပြောကြား ပြီး ခရိုင်ပညာရေးမှူးဦးစံရွှေက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**(၂၈၀)**

ဖေဖော်ဝါရီ ၇ရက်က ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ကျီနီကျေးရွာတွင် အလှူရှင်စက်ရေတွင်းဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့လက်ထောက်အင်ဂျင်နီယာ ဦးပြေကျော်နှင့် ရန်ကုန်မြို့နေအလှူရှင်ဦးကျော်သူရ–ဒေါ်အေးအေးနွယ်မိသားစု (မီးသတ်ဦးစီးဌာန)ကိုယ်စားမြို့နယ်မီးသတ်ဦးစီးမှူးဦးကျော်နိုင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)



## အမြို့မြို့ အနယ်နယ် သတင်းများ



### ဖဲကြိုးဖြတ်

သုံးခွမြို့နယ် ပျဉ်းမကန်စုံပြကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေး မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်နှင့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၃၇)

## ကျောင်းသုံးစာအုပ်မျိုးစုံနှင့် ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်း

**ဘိုကလေး ဖေဖော်ဝါရီ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက ပေးပို့လှူဒါန်းသည့် ကျောင်းသုံးစာအုပ်မျိုးစုံနှင့် စေတနာရှင်များလှူဒါန်းသည့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စီစဉ် ဆောင်ရွက်မှုဖြင့် ဇန်နဝါရီ ၃ ရက်က ဘိုကလေးမြို့ ရတနာပုံ စံပြပရဟိတကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရတနာပုံ စံပြကျောင်းတိုက် ဆရာတော်ဦးဝိလာသဂ္ဂထံမှ ငါးပါး သီလခံယူဆောက်တည်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက ပေးပို့လှူဒါန်းသည့် ကျောင်းသုံး မူလတန်းစာအုပ် မျိုးစုံ ၂၅ စုံနှင့် ဗလာစာအုပ်ဒါဇင် ၅၀ တို့အား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိဦးအေးကြူက လည်းကောင်း၊ အလှူရှင်များက လှူဒါန်းသည့်ခေါင်းအုံးနှင့် ခြင်ထောင်များကို ဦးမြရှိန်နှင့်ဇနီးဒေါ်ခင်လှတို့ကလည်းကောင်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



### ဆောင်ရွက်

ဇန်နဝါရီ ၃၀ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့တွင် မြို့မသောက်သုံးရေကန်ကြီးကို ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ခြောက်ရပ်ကွက်ရှိ ရပ်ကွက်သူ ရပ်ကွက်သားများနှင့်ပူးပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (၀၄၈)

## ပန်းမောက်မြို့တွင် အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်

**ဗန်းမောက် ဖေဖော်ဝါရီ ၁၂**

ဗန်းမောက်မြို့နယ် ခကေပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ကျောင်းရှေ့မျက်နှာပြင်တွင် ကျင်းပသည်။

ရှေးဦးစွာအထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်နှင့်ကျောင်းကော်မတီဝင်ဦးကျော်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး၊ မူလတန်းလွန်ကျောင်းဆိုင်းဘုတ်အား မြို့နယ်အတွင်းရေးမှူးဦးသိန်းဝင်းက စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဝင်းကအဖွင့်အမှာစကားပြောကြားပြီးမြို့မ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန်းမြင့်က ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ ချမှတ်သည့် မူဝါဒများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက်စေတနာရှင်လေးဦးက ကျောင်းသုံးစာအုပ်ကိရိယာများနှင့် ကျပ် ၁၂၀၀၀၀ လှူဒါန်းကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ပေးအပ်

မုဒုံမြို့နယ်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က မုဒုံမြို့ အထက(၁)တွင် ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဇင်က ကျောင်းအုပ်ဆရာကြီး မန်းမြခိုင်ထံ ပေးအပ်စဉ်။ (မြို့နယ် လဝက)



သံဖြူဇရပ်မြို့နယ် အထက(၁)ကျောင်းမှ သက်ပြည့်(အငြိမ်းစား)ယူသွားသည့် ကျောင်းဆရာဦးမောင်ပုအား ဂုဏ်ပြုဆုနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က အထက(၁) ပညာဗိမာန်ခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးခင်မောင်ဦးက ဆုချီးမြှင့်စဉ်။

(မြို့နယ်ပညာရေး)




## မြို့တွင်းကျောက်ချောခင်းလုပ်ငန်း ပြည်နယ်ညွှန်မှူးစစ်ဆေး

**စစ်တွေ ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့်သည် ဖေဖော်ဝါရီ၄ရက်က ပြည်နယ်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ သပြေလမ်းကျောက်ချောခင်းလုပ်ငန်း၊ မြို့ဝင်ကန်ပေါင်၌ ကြိုဆိုပါ၏ ပန်းစာလုံးအလှဖော်လုပ်ငန်းနှင့် ဂူဝ ရေပေးဝေရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# ( ၅၉ )နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် "ဖွံ့ဖြိုးသာယာ ပြည်မြန်မာ"နှင့် "ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ"ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။**

**ဆုရရှိမည့်အခွင့်အလမ်းပိုမိုလာ**

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀ လက်မ × ၁၂ လက်မနှင့်အထက် အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

**ထိုက်ထိုက်တန်တန်ချီးမြှင့်မည်**

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ Data နှင့် ဓာတ်ပုံအကြောင်းအရာ Caption ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း/ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်း မရှိကြောင်း ဝန်ခံဖော်ပြချက် ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန် မလိုကြောင်း ကြေညာထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၄ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာတိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော (၅၉) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

**ပေးပို့ယှဉ်ပြိုင်**

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဗန်းမော် မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဆို၊က၊ရေး၊တီး ပြိုင်ပွဲ ဆုရသူများနှင့် ဘွဲ့တံဆိပ်ထူးချွန်ဆုရ ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၄ ရက်က ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ မြန်မာ့သစ်လုပ်ငန်း ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌဦးစိန်မောင်က ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် မသူဇာအောင်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။** (က-ပ)

# မဟာဗောဓိပရိယတ္တိစာသင်တိုက် (၂၅) နှစ်ပြည့် ငွေရတုပူဇာသဘင်ဆင်ယင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ဆိုးဝင်ဆကျောင်း ဘုန်းတော်ကြီးဆောက်ဟျောရန်အမှူးပြုသည့် ဒါယကာ၊ဒါယိကာမများက လှူဒါန်းသည့် ခေါင်းလောင်းတော်ကြီးကို ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက် (၇-၂-၂၀၀၄) စနေနေ့ နံနက် ၈နာရီက မဟာဗောဓိပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့်ဆိုးဝင်ဆကျောင်း ဘုန်းတော်ကြီးဆောက်ဟျောရန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**

ထို့နောက် ငွေရတုအခမ်းအနား ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်များ၏ နာယက အရှင်သုမင်္ဂလာလင်္ကာရ(Ph.D)ထံမှ ဒါယကာ၊ ဒါယိကာမများက ငါးပါးသီလခံယူကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဂ္ဂ မဟာဂန္ထဝါစကပဏ္ဍိတ ဂန္ထကာရက သကျသီဟဓမ္မာစရိယစေတိယင်္ဂဏ ဓမ္မာစရိယ အစိုးရဓမ္မာစရိယ မဟာဗောဓိပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတာ ဘိဝံသက ကျောင်းတိုက်သာသနာရေး ဆောင်ရွက်ချက်များကို လျှောက်ထားသည်။ ထို့နောက် မဟာဗောဓိပရိယတ္တိသာသနာပြုအသင်းအမှုဆောင် လူကြီးများက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ဆိုးဝင်ဆကျောင်း ဘုန်းတော်ကြီး ဆောက်ဟျောရန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဂျပန် ဘုန်းတော်ကြီး နတရှတက မဟာဗောဓိပရိယတ္တိစာသင်တိုက်အတွက် အမေရိကန်ဒေါ်လာ၁၀၀၀လှူဒါန်းပြီး မဟာဗောဓိပရိယတ္တိသာသနာပြုအသင်းဥက္ကဋ္ဌသခင်ချန်ထွန်းကလက်ခံရယူသည်။**(က-ပ)**

# ပခန်းရွှေဘုန်းပွင့်စေတီ ထီးတော်တင်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

သီရိဓမ္မာသောကမင်းကြီးနှင့် အလောင်းစည်သူမင်းကြီးတို့ တည်ထားကိုးကွယ်ပြီး မင်းအဆက်ဆက် ပူပြင်မွမ်းမံ ကိုးကွယ်ခဲ့သည့် ရှေးဟောင်းစေတီတော်မြတ်ကြီးသည် ပျက်စီးယိုယွင်းခဲ့သည့်အတွက် မဟာသစ္စာအောင်မြေဇမ္ဗူထိန်လင်း ဆရာတော်ဘဒ္ဒန္တပညာနန္ဒ(စာချဓမ္မကထိက)နယ်စပ် တောင်တန်းပခန်းဒေသ မြတ်ဗုဒ္ဓသာသနာပြု သက်သတ်လွတ် ရာသက်ပန် အရှင်သူမြတ်ဦးဆောင်၍ ရန်ကုန်မြို့မှ အလှူရှင်များနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင်(မြင်းခြံဆရာတော်)နှင့် နိုင်ငံတော်ဗဟို ဝန်ဆောင်ဆရာတော်များ၏ ဩဝါဒကိုခံယူလျက် (၁၃၆၅ ခု တန်ခူးလဆန်း ၁ ရက်) တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းဒေသ မင်းရွာရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေဘုန်းပွင့်စေတီ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အသစ်တင် လှူခြင်းနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူ စုပေါင်းရေစက်ချအခမ်းအနား ကျင်းပမည်ဖြစ်သည်။ စေတီတော်ကြီးတွင် ဘက်စုံမွမ်းမံပြင်ဆင်မှုများအတွက် လှူဒါန်းလိုပါက ပန်းဘဲတန်းမြို့နယ် ၁၀၅၊ ၃၂ လမ်း၊ မြတ်မွန်ရတနာဖိတ်စာ အမျိုးမျိုးနှင့် စာရေးကိရိယာ ဖုန်း-၂၈၅၀၇၀၊ ၃၇၇၈၅၅ သို့ဖြစ်စေ၊ မြင်းခြံမြို့ စိန်မိတ္တူ၊ ကွန်ပျူတာနှင့်ပုံနှိပ်တိုက် ဖုန်း-၀၆၆-၂၁၇၄၈၊ ၀၆၂-၃၀၄၀၆ ရေစကြိုမြို့သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# မျိုးဆက်ပွားကျန်းမာရေးစီမံချက်ဆရာဖြစ်သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသော မျိုးဆက်ပွားကျန်းမာရေးစီမံချက် ဆရာဖြစ်သင်တန်း (MYA/ 02/ PO2 )ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Rajib M. Assifi က အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ မန္တလေးတိုင်း နွားထိုးကြီး၊ စဉ့်ကူး၊ မတ္တရာနှင့် တပ်ကုန်းမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ဖြစ်သည်။

**(သတင်းစဉ်)**

**ဇန်နဝါရီ ၂၈ ရက်က ပညာသင်နှစ်အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ၅၄ ရပ်ကွက် အမက(၆) ကျောင်းခန်းမတွင် ပညာရေးစုံညီပွဲတော်ကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်လှက စတုတ္ထတန်းမှ ဘက်စုံထူးချွန်ဆုရ မောင်ကျော်ဇင်ဦးအား ဆုချီးမြှင့်စဉ်။** (က-ပ)



**သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဖေဖော်ဝါရီ ၁၆ ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲပြုလုပ်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး ဦးဆွေမြင့်က ရပ်ကွက်ဥက္ကဋ္ဌ ဦးဘငြိမ်းအား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (၁၀၂)



# e-Education Learining Centre

## သင်ခန်းစာထုတ်လွှင့်မည့် အစီအစဉ်

## မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

**၂၃-၂-၂၀၀၄ (တနင်္လာနေ့)**
- ❐ ဓီဝဗေဒဘာသာသာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ
- ❐ ဘောဂဗေဒဘာသာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ

**၂၄-၂-၂၀၀၄ (အင်္ဂါနေ့)**
- ❐ စိတ်ကြိုက်မြန်မာစာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ
- ❐ စိတ်ကြိုက်မြန်မာစာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ

**၂၅-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**
- ❐ သမိုင်းဘာသာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ
- ❐ သမိုင်းဘာသာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ

**၂၆-၂-၂၀၀၄ (ကြာသပတေးနေ့)**
- ❐ ရူပဗေဒဘာသာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ
- ❐ ရူပဗေဒဘာသာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ

**၂၇-၂-၂၀၀၄ (သောကြာနေ့)**
- ❐ ရူပဗေဒဘာသာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ
- ❐ ပထဝီဝင်ဘာသာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ

**၂၈-၂-၂၀၀၄ (စနေနေ့)**
- ❐ အဝေးသင်တက္ကသိုလ် ကျောင်းသူကျောင်းသားများအတွက် သင်ခန်းစာများ

**၂၉-၂-၂၀၀၄ (တနင်္ဂနွေနေ့)**
- ❐ အဝေးသင်တက္ကသိုလ် ကျောင်းသူ/သားများအတွက် သင်ခန်းစာများ





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၈ ရက်က ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာ ဝိပုလကုန်းတော်ပေါ်တွင် ရှင်အရဟံ ရဟန္တာမထေရ်မြတ် တည်ထားတော်မူခဲ့သော သိမ်တော်ကြီးစေတီတော်အထွတ်၌ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

# သိမ်တော်ကြီးစေတီတော်ရွှေထီးတော်တင်၊ မဟာသိမ်တော်ကြီးရေစက်ချ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ပူဇော်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက တပ်မတော်ရဟတ်ယာဉ်များဖြင့် မန္တလေးမြို့မှ ထွက်ခွာကြရာ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာသို့ ရောက်ရှိကြရာ မိတ္ထီလာတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဗိုလ်မှူးချုပ်လှမြင့်၊ စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။**

## ရှင်အရဟံသိမ်တော်ရေစက်ချ

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာ ဝိပုလကုန်းတော်ပေါ်တွင် ရှင်အရဟံ ရဟန္တာမထေရ်မြတ် တည်ထားတော်မူခဲ့သော သိမ်တော်ကြီးစေတီတော်နှင့် ဝိပုလမဟာသိမ်တော်ကြီးတို့ကို ဘက်စုံမွမ်းမံ၍ ရွှေထီးတော်တင် ဗုဒ္ဓပူဇဝန္တမင်္ဂလာ အနေကဇာတင်ခြင်းနှင့် ဝိပုလမဟာ သိမ်တော်ကြီး(ခ) ရှင်အရဟံသိမ်တော်ရေစက်ချ မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် အဆိုပါစေတီတော်၌ကျင်းပသည်။

## ပူဇော်ကြည်ညို

မဟာမင်္ဂလာအခမ်းအနားသို့ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္ဘာ့ရွှေရင်အေးဆရာတော် ဘဒ္ဒန္တဝိစ္ဆာဗလအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး

*စာမျက်နှာ ၉ ကော်လံ ၁* ■



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာ ဝိပုလကုန်းတော်ပေါ်တွင် ရှင်အရဟံ ရဟန္တာမထေရ်မြတ် တည်ထားတော်မူခဲ့သော သိမ်တော်ကြီးစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်သို့ ရထားပုံဖြင့် ပင့်ဆောင်စဉ်။ (အပေါ်ပုံနှင့် အပေါ်ဝဲပုံ) (သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကမ္ဘာတစ်လွှားထူးထူးခြားခြား



### ကော်ဖီသောက်ခြင်းဖြင့် ကျန်းမာရေးထိခိုက်မှုမရှိဟုဆို

ကော်ဖီသောက်သုံးခြင်းဖြင့် လူတို့၏ ကျန်းမာရေးကို ထိခိုက်မှုမရှိကြောင်း လွန်ခဲ့သော ဆယ်စုနှစ်များက သုတေသန ပြုလုပ်ချက်များအရ သိရသည်။ ကော်ဖီသည် အသည်းကြွပ်ရောဂါ၊ နှလုံးရောဂါနှင့် အကြောအားနည်းခြေလက်တုန်ရောဂါများအတွက် ကျန်းမာရေးအခြေအနေ တိုးတက်မှုအလားအလာရှိသည်ဟု ဆိုထားသည်။

**(ဒဗလျူအင်န်)**

### ဒင်္ဂါးစေ့များ၊ လည်ဆွဲများနှင့်အပ်များ မျိုချခဲ့သူ



အသက် ၆၂ နှစ်အရွယ်ရှိ လူတစ်ဦး၏ ဝမ်းဗိုက်ကို အရေးပေါ်အခန်း၌ ဓာတ်မှန်ရိုက်ပြထားစဉ်။**(ယာပုံ)** အဆိုပါလူ၏ ဝမ်းဗိုက်ထဲ၌ ၁၂ ပေါင်လေးသည့် အစိုင်အခဲများရှိသည်ဟု ဆရာဝန်များက ဆိုသည်။ ယင်းလူနာအား စစ်ဆေးကြည့်ရာတွင် ဒင်္ဂါးစေ့ ၃၅၀၊ လည်ဆွဲများနှင့် အပ်များမျိုချထားသည်ကို တွေ့ရကြောင်း နယူးအင်္ဂလန် ဆေးဘက်ဌာနကပြောသည်။

**(အေပီ)**

ယနေ့ထုတ်စောင်ရေ ၂၀၀၅၇၀